# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# ဖွဲ့စည်းပုံအခြေခံဥပဒေ

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း (၁)၊ နိုင်ငံတော် | ၁ |
| ၃။ | အခန်း (၂)၊ အခြေခံမူများ | ၂ |
| ၄။ | အခန်း (၃)၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ | ၅ |
| ၅။ | အခန်း (၄)၊ ပြည်သူ့လွှတ်တော် | ၈ |
| ၆။ | အခန်း (၅)၊ နိုင်ငံတော်ကောင်စီ | ၁၂ |
| ၇။ | အခန်း (၆)၊ ဝန်ကြီးအဖွဲ့ | ၁၆ |
| ၈။ | အခန်း (၇)၊ ပြည်သူ့တရားသူကြီးအဖွဲ့ | ၁၈ |
| ၉။ | အခန်း (၈)၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ | ၂၁ |
| ၁၀။ | အခန်း (၉)၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ | ၂၂ |
| ၁၁။ | အခန်း (၁၀)၊ ပြည်သူ့ကောင်စီများ | ၂၄ |
| ၁၂။ | အခန်း (၁၁)၊ နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့် တာဝန်ဝတ်တရားများ | ၂၈ |
| ၁၃။ | အခန်း (၁၂)၊ ရွေးချယ်တင်မြှောက်ပုံစနစ် | ၃၃ |
| ၁၄။ | အခန်း (၁၃)၊ တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း၊နုတ်ထွက်ခြင်း၊အစားထိုး ရွေးချယ်တင်မြှောက်ခြင်း | ၃၇ |
| ၁၅။ | အခန်း (၁၄)၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော် | ၃၈ |
| ၁၆။ | အခန်း (၁၅)၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း | ၃၉ |
| ၁၇။ | အခန်း (၁၆)၊ အထွေထွေပြဋ္ဌာန်းချက်များ | ၄၀ |

# နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် တွင် မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် သမိုင်းစဉ်တလျှောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ ဥမကွဲ သိုက်မပျက်၊ ကောင်းတူ ဆိုးဖက်လက်တွဲလျက် နေထိုင်ခဲ့ကြလေသည်။ တိုင်းရင်းသားပြည်သူအပေါင်းတို့သည်နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတလျှောက်လုံးတွင် အနိုင်မခံ အရှုံးမပေးသော တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်၊ ဝံသာနုရက္ခိတ တရား၊ အချင်းချင်း ယိုင်းပင်းကူညီမှု၊ ကိုယ်ကျိုးစွန့်မှုတို့ကို အရင်းတည်ကာ လွတ်လပ်ရေးအတွက် ဖွဲမာန်သတ္တိဖြင့် ကြိုးပမ်းခဲ့ကြလျက် ဒီမိုကရေစီရေး၊ ဆိုရှယ်လစ်ရေးတို့ကို မျှော်မှန်းခဲ့ကြပေသည်။ လွတ်လပ်ရေးရပြီးနောက် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေဟောင်း၏ပျော့ကွက်ဟာကွက်များနှင့် ဓနရှင်ပါလီမန်ဒီမိုကရေစီစနစ်၏ ဆိုးကျိုးများကြောင့် ပဒေသရာဇ်၊ မြေရှင်၊ အရင်းရှင်တို့၏အာဏာလွှမ်းမိုးမှုသည် တနေ့ထက်တနေ့ ကျယ်ပြန့်ခိုင်မြဲလာပြီးလျှင် ဆိုရှယ်လစ်ရေးမှာ ဆိတ်သုဉ်းပျောက်ကွယ်လုနီးပါး အခြေအနေသို့ ဆိုက်ရောက်ခဲ့ရပေသည်။ ဤအခြေအနေမှ လွန်မြောက်စေရန်နှင့် ဆိုရှယ်လစ် စနစ်ကို တည်ဆောက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုမြန်မာ နိုင်ငံတော်လှန်ရေးကောင်စီသည် သမိုင်းပေးတာဝန်အရ ပေါ်ပေါက်လာပြီးလျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကိုချမှတ်ဆောင်ရွက်ခဲ့ပေသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုလည်းဖွဲ့ စည်း တည်ဆောက်ခဲ့ပေသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် တိုင်းရင်းသားလုပ်သားပြည်သူများ မျှော်မှန်းခဲ့ကြသော သာယာဝပြောသည့် ဆိုရှယ်လစ် လောကတည်ဆောက်နိုင်ရေးအတွက် ပြည်သူအပေါင်း၏ဆန္ဒသဘောထားကို ခံယူ၍ အပြန်အလှန် အကျေအလည်ညှိနှိုင်းဆွေးနွေးကာ ဤပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပေသည်။ ကျွန်ုပ်တို့ လုပ်သားပြည်သူပေါင်းတို့သည် -

- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ဦးဆောင်မှုကို အလေးအနက်ခံယူသွားကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊
- လူလူချင်း၊ လူမျိုးအချင်းချင်း မတရားခေါင်းပုံဖြတ် ချယ်လှယ်သော ဝိသမလောဘစနစ်ဆိုးမှန်သမျှကို ဆန့်ကျင်လျက် တရားမျှတ၍ ဖြိုးစုံရှိတရားထွန်းကားမှုကို ရှေ့ရှုမည်၊ လူတို့၏ မသိနားမလည်မှုခေတ်နောက် ကျမှု၊ အခွင့်အလမ်းမဲ့မှုစသော အားနည်းချက်များအပေါ်တွင် သနားငဲ့ညှာစာနာထောက်ထားခြင်းမရှိမှုတို့ကို ကင်းရှင်းစေလျက် သာယာဝပြောစေမည့် ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန် ချမှတ်၍ လည်းကောင်း၊
- မိမိတို့၏ ဘဝကြမ္မာကို မိမိတို့ကိုယ်တိုင် စီမံဖန်တီးနိုင်စွမ်းသော ဆိုရှယ်လစ်ဒီမိုကရေစီ လူနေမှုစနစ်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဖြင့် တည်ဆောက်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊
- ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွင်းလူမျိုးရေးတန်းတူမှုဖြင့်မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ၊ ဥမကွဲသိုက်မပျက်၊ ကောင်းတူဆိုးဖက်ထာဝစဉ် စည်းလုံးညီညွတ်စွာ

လက်တွဲနေထိုင်ကြ မည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊

- ဤနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဒီမိုကရေစီအခွင့်အရေးများ၊ ပုဂ္ဂိုလ်ဆိုင်ရာပိုင်ခွင့်များနှင့် လွတ်လပ်ခွင့်များကို ခံစားလျက် ဆိုရှယ်လစ်စနစ်နှင့် နိုင်ငံတော်အတွက် ကျရောက်လာသော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း၊
- ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးကိုအစဉ်ကြိုးပမ်းကြမည်ဟု သန္နိဋ္ဌာန်ချမှတ်၍ လည်းကောင်း။

ဤပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို မြန်မာသက္ကရာဇ် ၁၃------ ခုနှစ် -------------လ-------ရက် (ခရစ်သက္ကရာဇ် ၁၉------ ခုနှစ် -----------လ-------ရက်) -------- နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်ကြသည်။

# အခန်း (၁)

## နိုင်ငံတော်

၁။ မြန်မာနိုင်ငံတော်သည် လုပ်သားပြည်သူတို့၏ အချုပ်အချာအာဏာပိုင် လွတ်လပ်သော ဆိုရှယ်လစ်နိုင်ငံတော်ဖြစ်သည်။ နိုင်ငံတော်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ စုပေါင်းနေထိုင်ကြသော နိုင်ငံဖြစ်သည်။

၃။ နိုင်ငံတော်၏မြေထု၊ ရေထု၊ လေထု ပါဝင်သောနယ်နိမိတ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြု ပြဌာန်းသည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်။

၄။ နိုင်ငံတော်၏အချုပ်အချာအာဏာသည် နိုင်ငံတဝန်းလုံး၌ တည်စေရမည်။

## အခန်း (၂)

## အခြေခံမူများ

၅။ နိုင်ငံတော်၏ ရည်မှန်းချက် ပန်းတိုင်သည် ဆိုရှယ်လစ်လူ့ဘောင် ဖြစ်သည်။

၆။ နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဆိုရှယ်လစ် စီးပွားရေးစနစ် ဖြစ်သည်။

၇။ နိုင်ငံတော်၏ ဖွဲ့စည်းပုံသည် ဆိုရှယ်လစ် ဒီမိုကရေစီကို အခြေခံသောဖွဲ့စည်းပုံ ဖြစ်သည်။

၈။ နိုင်ငံတော်တွင် လူလူချင်း၊ လူမျိုးအချင်းချင်း ခေါင်းပုံဖြတ်ခြင်း ကင်းရှင်းစေရမည်။

၉။ နိုင်ငံတော်သည် တောင်သူလယ်သမားများနှင့် အလုပ်သမားများကို အခြေခံသောလုပ်သား ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည်။

၁၀။ နိုင်ငံတော်သည် လူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုကတက်ရေးအတွက် ပြုစုပျိုးထောင် ပေးရမည်။

၁၁။ နိုင်ငံတော်သည် တခုတည်းသောပါတီစနစ်ကိုသာကျင့်သုံးရမည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီသည် နိုင်ငံတော်၏ တခုတည်းသော နိုင်ငံရေးပါတီဖြစ်၍ နိုင်ငံတော်ကို ဦးဆောင်သည်။

၁၂။ နိုင်ငံတော်၏ ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှု အာဏာ၊ တရားစီရင်မှုအာဏာဟူသောအချုပ်အချာ အာဏာသည် တောင်သူလယ်သမားများနှင့် အလုပ်သမား များကိုအခြေခံသော တိုင်းရင်းသား လူမျိုး ပေါင်းစုံပါဝင် သည့် နိုင်ငံသားများ၌တည်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားတို့က ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ လွှတ်တော်သည် အချုပ်အချာအာဏာကို နိုင်ငံသားများ ထံမှ ခံယူ၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ သုံးစွဲခြင်း၊ ခွဲဝေအပ်နှင်းခြင်းပြုသည်။

၁၃။ ပြည်သူ့လွှတ်တော်သည် ဥပဒေပြုမှုအာဏာကို မိမိကိုယ်တိုင်သာသုံးစွဲလျက် စီမံခန့်ခွဲမှု အာဏာနှင့် တရားစီရင်မှုအာဏာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်အညီ ဖွဲ့စည်းထားသော ဗဟိုနှင့် ဒေသဆိုင်ရာ အာဏာ ပိုင်အဖွဲ့အစည်းများအား ခွဲဝေအပ်နှင်း၍ သုံးစွဲခွင့်ပြုသည်။

၁၄။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်သည်အချင်းချင်းအပြန်အလှန် အစီရင်ခံခြင်း၊ ဆန္ဒပေးခြင်း၊ ဆန္ဒယူခြင်း၊ ဆန္ဒသဘောထားကို အလေးဂရုပြုခြင်း၊ စုပေါင်း ဦးဆောင်ခြင်း၊ စုပေါင်းဆုံးဖြတ်ခြင်း၊ စုပေါင်းဆုံးဖြတ်ချက်ကိုအားလုံးက လိုက်နာဆောင်ရွက်ခြင်း၊ အထက်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်နှင့် ညွှန်ကြားချက်များကို အောက်အဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း၊ အောက်အဖွဲ့အစည်း၏ တင်ပြချက်များကို အထက်အဖွဲ့ အစည်းက အလေးဂရုပြုခြင်းတို့ပါဝင်သော ဆိုရှယ်လစ် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေများနှင့်အညီ

(က) နိုင်ငံတော်၏အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်သို့ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ် တင်မြှောက်ခွင့်နှင့် မိမိကိုယ်တိုင် ပြည်သူ့ကိုယ်စားလှယ်အဖြစ်ရွေးချယ် တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ခ) မိမိတို့ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များကို တာဝန်မှ

ပြန်လည်ရုပ်သိမ်းခွင့် ရှိသည်။

၁၆။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်တိုင်းသည် မိမိကိုရွေးချယ်တင်မြှောက်ခဲ့ကြသော နိုင်ငံသားများထံသို့ မိမိ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အစီရင်ခံရမည့်အပြင် ယင်းတို့၏ဆန္ဒကိုလည်း ရယူရမည်။

၁၇။ ဒေသဆိုင်ရာအရေးကိစ္စများကို ဆောင်ရွက်ရာတွင် ဒေသအတွင်း ပြီးပြတ်နိုင်သမျှ ပြီးပြတ်စေရန် ဒေသရှိ လုပ်သားပြည်သူများကိုယ်တိုင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်စေရမည်။ ယင်းတို့၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များကို ခွဲဝေအပ်နှင်းရမည်။

၁၈။ နိုင်ငံတော်သည် -

(က) မြေပေါ်မြေအောက်၊ရေပေါ်ရေအောက်၊လေထုအတွင်းရှိသယံဇာတပစ္စည်းအားလုံးနှင့် မြေယာ အားလုံး တို့၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်။

(ခ) နိုင်ငံသားလုပ်သားပြည်သူများ၏ အကျိုး စီးပွားအလို့ငှာ သယံဇာတပစ္စည်းများကို ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်း၊ ထုတ်ဖော်လုပ်ကိုင်သုံးစွဲခြင်း ပြုလုပ် ရမည်။

၁၉။ နိုင်ငံတော်သည် နိုင်ငံအတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို ပြည်သူပိုင်ပြုလုပ်ရမည်။ သမဝါယမပိုင်အဖြစ် ဖွဲ့စည်းလုပ်ကိုင်သင့်သည့်လုပ်ငန်းများကို သမဝါယမပိုင်ပြုလုပ်ရမည်။

၂၀။ နိုင်ငံတော်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို မထိခိုက်သော ပုဂ္ဂလိကပိုင်ဆိုင်လုပ်ကိုင်မှုကိုဥပဒေအရ ခွင့်ပြုနိုင်သည်။

၂၁။ (က) တိုင်းရင်းသားလူမျိုးများ၏ စည်းလုံး ညီညွတ်ရေး၊ အချင်းချင်းယိုင်းပင် ကူညီ ရေးနှင့် ချစ်ကြည်လေးစားရေးတို့ အမြဲ မပြတ် တိုးတက်ဖြစ်ထွန်းနေစေရန် နိုင်ငံတော်က တာဝန်ယူ လုပ်ဆောင်ရမည်။

(ခ) တိုင်းရင်းသားလူမျိုးများသည် မိမိတို့ကိုးကွယ်သည့်ဘာသာနှင့် ချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတို့ကိုဥပဒေများနှင့်ဖြစ်စေ၊ အများအကျိုးနှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ပြုစုပျိုးထောင်ခွင့်၊ ပြောဆိုရေးသားကျင့်သုံးခွင့်ရှိသည်။

၂၂။ နိုင်ငံသားတိုင်းသည် -

(က) လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီးမရွေး ဥပဒေအရာတွင် အညီအမျှ ဖြစ်စေရမည်။

(ခ) ညီမျှသော အခွင့်အလမ်းများရရှိစေရမည်။

(ဂ) မိမိတို့၏ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် အချိုးကျမျှတညီညွတ်သော ခံစားပိုင်ခွင့်များ ရရှိစေရမည်၊

(ဃ) ဥပဒေနှင့်အညီ အမွေခွဲဝေဆက်ခံခွင့် ရှိစေရမည်၊

၂၃။ မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်း ပြန်အာဏာသက်ရောက်မှုမရှိစေရ၊ သို့ဖြစ်၍ ပြစ်မှု တစ်ရပ်ကို စီရင်ရာတွင် ယင်းပြစ်မှုကို စီရင်သောအချိန်၌ အာဏာတည်သည့်ဥပဒေအရသာ စီရင်ရမည်။

၂၄။ လူ့သိက္ခာ ညှိုးနွမ်းသေးသိမ်စေသော ပြစ်ဒဏ်မျိုးမပေးရ။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်စိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေများပြဋ္ဌာန်းရမည်။

၂၆။ နိုင်ငံတော်သည် လွတ်လပ်သော နိုင်ငံခြားရေး ဝါဒကို အစဉ်တစိုက်ကျင့်သုံး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူများကို စောင့်ထိန်းသည်။

၂၇။ ဤအခြေခံမူများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း အနက်အဓိပ္ပာယ်ဖွင့်ဆိုရာ၌ လမ်းညွှန်မှုများ ဖြစ်သည်။

## အခန်း (၃)

## နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ

၂၈။ နိုင်ငံတော်ကို ဖွဲ့စည်းတည်ဆောက်ရာတွင်ဗဟိုက ဦးစီးဦးဆောင်ပြု၍ ဒေသအလိုက် ကိုယ်တိုင်စီမံဆောင်ရွက်သည့် စနစ်ကို ကျင့်သုံးသည်။

၂၉။ (က) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ကိုဒေသအလိုက် အောက်ပါအတိုင်း စုစည်းသည် -

(၁) ကျေးရွာများကို ကျေးရွာအုပ်စု အဖြစ် စုစည်းသည်၊

(၂) ရပ်ကွက်များကို မြို့အဖြစ် စုစည်းသည်၊

(၃) ကျေးရွာအုပ်စုများနှင့် မြို့များကို မြို့နယ်အဖြစ် စုစည်းသည်၊

(၄) မြို့နယ်များကို ပြည်နယ် သို့မဟုတ် တိုင်းအဖြစ် စုစည်းသည်၊

(၅) ပြည်နယ်များနှင့်တိုင်းများကို နိုင်ငံတော်အဖြစ် စုစည်းသည်။

(ခ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏စီမံခန့်ခွဲရေးဒေသအဆင့်ဆင့်သည် အောက်ပါအတိုင်း ဖြစ်သည် -

(၁) ရပ်ကွက်၊ သို့မဟုတ် ကျေးရွာအုပ်စုများ၊

(၂) မြို့နယ်များ၊

(၃) ပြည်နယ် သို့မဟုတ် တိုင်းများ၊

(၄) နိုင်ငံတော်၊

၃၀။ (က) ကော်သူးလေကို ကရင်ပြည်နယ်ဟု သတ်မှတ်သည်၊

(ခ) ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်ဟု သတ်မှတ်သည်၊

(ဂ) တနင်္သာရီတိုင်း(၁)ကို မွန်ပြည်နယ်ဟု သတ်မှတ်သည်၊

(ဃ) တနင်္သာရီတိုင်း(၂)ကို တနင်္သာရီတိုင်းဟု သတ်မှတ်သည်၊

(င) ရခိုင်တိုင်းကို ရခိုင်ပြည်နယ်ဟု သတ်မှတ်သည်။

၃၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ပြည်နယ်များနှင့်တိုင်းများသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ကချင်ပြည်နယ်၊

(ခ) ကယားပြည်နယ်၊

(ဂ) ကရင်ပြည်နယ်၊

(ဃ) ချင်းပြည်နယ်၊

(င) စစ်ကိုင်းတိုင်း၊

(စ) တနင်္သာရီတိုင်း၊

(ဆ) ပဲခူးတိုင်း၊

(ဇ) မကွေးတိုင်း၊

(ဈ) မန္တလေးတိုင်း၊

(ည) မွန်ပြည်နယ်၊

(ဋ) ရခိုင်ပြည်နယ်၊

(ဌ) ရန်ကုန်တိုင်း၊

(ဍ) ရှမ်းပြည်နယ်၊

(ဎ) ဧရာဝတီတိုင်း။

၃၂။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် တွင် ပြည်သူ့လွှတ်တော်တရပ်သာရှိသည်။

၃၃။ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဗဟိုနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်းအဖွဲ့ အစည်းများအားလမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းပြုရန် နိုင်ငံတော်ကောင်စီကို ဖွဲ့စည်းထားရှိသည်။

၃၄။ ပြည်သူ့လွှတ်တော်က ချမှတ်သောလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်အတွက် အောက်ပါဗဟို အာဏာပိုင်အဖွဲ့အစည်းများကို ဖွဲ့စည်းထားရှိသည် -

(က) ဝန်ကြီးအဖွဲ့၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့၊

(ဂ) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊

(ဃ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့။

၃၅။ ပြည်နယ်နှင့်တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီးတွင် ပြည်သူ့ကောင်စီတရပ်စီ ဖွဲ့စည်းထားရှိသည်။

၃၆။ (က) ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီများ၊ မြို့နယ်ပြည်သူ့ကောင်စီများတွင် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တဖွဲ့စီ ဖွဲ့စည်း ထားရှိသည်။

(ခ) ရပ်ကွက်နှင့်ကျေးရွာအုပ်စုပြည်သူ့ကောင်စီများတွင် အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့တဖွဲ့စီ ဖွဲ့စည်းထားရှိသည်။

၃၇။ ဗဟိုနှင့်ဒေသအဆင့်ဆင့်တွင် ပြည်သူ့ရေးရာ၊ စီမံခန့်ခွဲရေးဝန်ထမ်းအဖွဲ့အစည်းများ၊ တရားရေးဝန်ထမ်း အဖွဲ့အစည်းများ၊ ဥပဒေဝန်ထမ်းအဖွဲ့အစည်းများ၊ စာရင်းဝန်ထမ်းအဖွဲ့အစည်းများစသည့် ဝန်ထမ်းအဖွဲ့အစည်း များကို လိုအပ်သလို ဖွဲ့စည်းထားရှိသည်။

၃၈။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်၏အကျိုးကို ရှေ့ရှု၍နိုင်ငံတော်၏ နယ်နိမိတ်ကို ပြင်ဆင် သတ်မှတ်ရန် လိုအပ်ပါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့် ငါးရာခိုင်နှုန်း ဆန္ဒမဲဖြင့်ပြင်ဆင်သတ်မှတ် နိုင်သည်။

၃၉။ ပြည်သူ့လွှတ်တော်သည် -

(က) ပြည်နယ်များကိုဖြစ်စေ၊ တိုင်းများကိုဖြစ်စေ ပြင်ဆင်ဖွဲ့စည်းရန်အကြောင်း ပေါ်ပေါက်ပါက

သက်ဆိုင်ရာ ပြည်နယ်များ၊ သို့မဟုတ် တိုင်းများ အတွင်း နေထိုင် ကြသော နိုင်ငံသားများ၏ ဆန္ဒကိုရယူပြီးလျှင် ဥပဒေပြဋ္ဌာန်း၍ ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

(ခ) ပြည်နယ်တခုခု၊ သို့မဟုတ် တိုင်းတစ်ခုခု၏ နယ်နိမိတ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် အကြောင်း ပေါ်ပေါက်ပါက ယင်းနယ်နိမိတ် ပြဿနာနှင့် ပတ်သက်သည့် ပြည်နယ်များ၊ သို့မဟုတ် တိုင်းများအတွင်း နေထိုင်ကြသော နိုင်ငံသားများ၏ ဆန္ဒကိုရယူပြီး လျှင်ဥပဒေပြဋ္ဌာန်း၍ ပြောင်းလဲပြင်ဆင် သတ်မှတ် နိုင်သည်။

(ဂ) ပြည်နယ်တခုခု၊ သို့မဟုတ် တိုင်းတစ်ခုခု၏ နယ်နိမိတ်ကို ပြောင်းလဲပြင်ဆင်သတ်မှတ်ရန် အကြောင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်းအတွင်း နေထိုင် ကြသော နိုင်ငံသားများ၏ဆန္ဒကို ရယူပြီး လျှင် ဥပဒေပြဋ္ဌာန်း၍ ပြောင်းလဲ ပြင်ဆင် သတ်မှတ်နိုင်သည်။

၄၀။ ပြည်နယ်နှင့်တိုင်းအတွင်းရှိ ကျေးရွာ၊ ကျေးရွာ အုပ်စု၊ ရပ်ကွက်၊ မြို့နှင့်မြို့နယ်များကို ပြင်ဆင်ခြင်း၊ သို့မဟုတ် ဖွဲ့စည်းခြင်းပြုလုပ်ရန် အကြောင်းပေါ်ပေါက်ပါက ဝန်ကြီးအဖွဲ့သည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီများနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

## အခန်း(၄)

## ပြည်သူ့လွှတ်တော်

၄၁။ ပြည်သူ့လွှတ်တော်သည် နိုင်ငံသားများ၏ကိုယ်စား နိုင်ငံတော်၏အချုပ်အချာအာဏာကို ခံယူကျင့်သုံးသော နိုင်ငံတော်၏ အမြင့်ဆုံးအာဏာပိုင် အဖွဲ့အစည်းဖြစ်သည်။

၄၂။ ပြည်သူ့လွှတ်တော်ကို ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ် တင်မြှောက်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၄၃[၁]။ ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းသည် ယင်း၏ ပထမအကြိမ်အစည်းအဝေးကျင်းပသည့်နေ့မှစ၍ လေးနှစ်ဖြစ်သည်။ သို့ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အားလုံး၏ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်းက သဘောတူလျှင် ပြည်သူ့လွှတ်တော်၏ပုံမှန်သက်တမ်းကို ပြည်သူ့လွှတ်တော်သည် -

(က) လျှော့ပေါ့သတ်မှတ်နိုင်သည်၊ သို့မဟုတ်

(ခ) ပုဒ်မ ၇၇ နှင့်အညီ တိုးမြှင့်သတ်မှတ်နိုင်သည်။

၄၄။ နိုင်ငံတော်၏ဥပဒေပြုမှုအာဏာသည် ပြည်သူ့လွှတ်တော်၌သာ တည်သည်။

၄၅။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်၏ စီမံခန့်ခွဲမှု အာဏာနှင့် တရားစီရင်မှုအာဏာတို့ကို ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများအား ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခွဲဝေအပ်နှင်းနိုင်သည်။

၄၆။ တိုင်းရင်းသားလူမျိုးတမျိုး၏ ယဉ်ကျေးမှုဆိုင်ရာဥပဒေကို ပြဋ္ဌာန်းရန်ရှိလျှင် သက်ဆိုင်ရာ ပြည်နယ်၊ သို့မဟုတ် တိုင်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ထက်ဝက်ကျော်က သဘောတူမှသာလျှင် ပြည်သူ့လွှတ်တော်က ယင်းဥပဒေကို ဆုံးဖြတ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၄၇။ ပြည်သူ့လွှတ်တော်ကသာလျှင် နိုင်ငံတော်၏ စီးပွားရေးစီမံကိန်း၊ နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်နှင့် ပတ်သက်သည့်ဥပဒေများကို ပြဋ္ဌာန်းရမည်။

၄၈။ ပြည်သူ့လွှတ်တော်သည် -

(က) အဓိကကျသောကိစ္စများကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်း ဆန္ဒမဲဖြင့်သာလျှင် ဆုံးဖြတ်ရမည်။

(ခ) သာမန်ကိစ္စများကိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ထက်ဝက်ကျော် ဆန္ဒမဲဖြင့် ဆုံးဖြတ် ရမည်။

(ဂ) ကိစ္စတရပ်ရပ်ကို အဓိကကိစ္စ၊ သို့မဟုတ် သာမန်ကိစ္စဟူ၍ အယူအဆကွဲလွဲနေပါကယင်းပြဿနာကို ပြည်သူ့ လွှတ်တော် အစည်းအဝေးသို့ တက်ရောက် လာသော ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ထက်ဝက်ကျော်၏ ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

၄၉။ ပြည်သူ့လွှတ်တော်သည် စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်းတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနှစ်ဆယ့်ငါးရာခိုင်နှုန်း ဆန္ဒမဲဖြင့် သာလျှင် ဆုံးဖြတ်ဆောင်ရွက်နိုင်သည်။ ပြည်သူ့ လွှတ်တော်

၁ ( ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ) ဖြင့် ပြင်ဆင်သည်။

အစည်းအဝေးကျင်းပသည့် ကာလမဟုတ်လျှင် ယင်းကိစ္စ အတွက် နိုင်ငံတော်ကောင်စီက ပြည်သူ့လွှတ်တော် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ ပေးရမည်။

၅၀။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့ဆန္ဒခံယူပွဲများကို လိုအပ်သည့်အခါပြုလုပ်ဆောင်ရွက်စေရန်ဆုံးဖြတ်နိုင်သည်။

၅၁။ ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို တနှစ် လျှင် အနည်းဆုံးနှစ်ကြိမ် မပျက်မကွက် ခေါ်ယူကျင်းပ ရမည်။ ပုံမှန်အစည်းအဝေးတကြိမ်နှင့် တကြိမ်အကြား အရှည်ကြာဆုံးကာလသည် ရှစ်လထက် မပိုစေရ၊ လိုအပ်လျှင် ပြည်သူ့လွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊အရေးပေါ်အစည်းအဝေးကို ဖြစ်စေ၊ နိုင်ငံတော် ကောင်စီက ခေါ်ယူကျင်းပနိုင်သည်။

၅၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးဆယ့်လေးရာခိုင်နှုန်းက တောင်းဆိုလျှင် နိုင်ငံတော်ကောင်စီသည် အစည်းအဝေးကို အမြန်ဆုံးခေါ်ယူကျင်းပပေးရမည်။

၅၃။ (က) ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးကျင်းပသည့်အခါတိုင်း အစည်းအဝေး ကြီးကြပ်ကွပ်ကဲရန် သဘာပတိအဖွဲ့ကို ရွေးချယ်တင်မြှောက်ရမည်။

(ခ) ပြည်နယ်နှင့်တိုင်းတစ်ခုစီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အထဲမှ သဘာပတိအဖွဲ့ဝင် တဦးကျစီရွေးချယ်တင်မြှောက်ရမည်။ ယင်းသဘာပတိ အဖွဲ့ဝင်များကိုပြည်သူ့လွှတ်တော်က အတည်ပြုပေးရမည်။

(ဂ) ပြည်သူ့လွှတ်တော်အစည်းအဝေးများ၌ အလှည့်ကျသဘာပတိတဦးကျစီကို တာဝန်ပေးရမည်။

(ဃ) နိုင်ငံတော်ကောင်စီ သို့မဟုတ် ဗဟိုအာဏာပိုင်အဖွဲ့အစည်းတရပ်ရပ်တွင် အဖွဲ့ဝင် အဖြစ်ပါဝင်နေသည့် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်တဦးသည် သဘာပတိအဖွဲ့ဝင် မဖြစ်စေရ၊ သဘာပတိ အဖွဲ့ဝင် တစ်ဦးသည် နိုင်ငံတော်ကောင်စီ သို့မဟုတ် ဗဟိုအာဏာပိုင်အဖွဲ့အစည်း တရပ်ရပ်သို့ ရွေးချယ်တင်မြှောက်ခြင်း ခံရလျှင် သဘာပတိအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

(င) သဘာပတိအဖွဲ့သည် နောက်တကြိမ်ပြည်သူ့လွှတ်တော်ပုံမှန် အစည်းအဝေးကျင်းပ၍ သဘာပတိအဖွဲ့ အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ တာဝန်ထမ်း ဆောင်ရမည်။

(စ) ပုဒ်မ၅၂အရပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူကျင်းပပေးရန်တောင်းဆိုပါလျက် တောင်းဆိုသည့် နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း နိုင်ငံတော် ကောင်စီက အစည်းအဝေးခေါ်ယူရန် ပျက်ကွက်ခဲ့လျှင် ပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့က အစည်းအဝေးခေါ် ယူကျင်းပပေးရမည်။

၅၄။ ပြည်သူ့လွှတ်တော်သည် -

(က) စီးပွားရေး၊ဘဏ္ဍာရေး၊လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ဥပဒေပြုရေး၊ နိုင်ငံခြားရေး၊ တိုင်းရင်းသား လူမျိုးများ အရေးတို့အပြင် အခြားရေးရာများနှင့် သက်ဆိုင်သော ပြည်သူ့လွှတ်တော်ရေးရာကော်မီတီ များကို ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်များဖြင့်ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်၊

(ခ) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးရာကော်မီတီတရပ်ကို နိုင်ငံတော်ကောင်စီဝင်များနှင့် ဝန်ကြီးအဖွဲ့ဝင် များထဲမှ သင့်လျော် သောအရေအတွက်ရှိသည့် ပုဂ္ဂိုလ်များဖြင့် ဥပဒေနှင့်အညီ ဖွဲ့စည်း ရမည်။

၅၅။ အောက်ပါအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့်လုပ်ငန်းများသည် ပြည်သူတို့အတွက် အကျိုးသက်ရောက်မှုရှိသည်၊ မရှိသည်ကို ပြည်သူ့လုပ်ငန်းစစ်ဆေး ရေးအဖွဲ့က အဖွဲ့များဖွဲ့စည်း၍ စစ်ဆေးစေနိုင်ရန် အလို့ငှာ ပြည်သူ့လွှတ်တော်ဥပဒေပြဋ္ဌာန်းရမည် -

(က) ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊

(ခ) ဝန်ကြီးဌာနများ၊

(ဂ) ဝန်ထမ်းအဖွဲ့အစည်းများ၊

(ဃ) စစ်ဆေးရန်ဥပဒေအရ သတ်မှတ်ထား သော အခြားအဖွဲ့အစည်းများ။

၅၆။ ပြည်သူ့လွှတ်တော်သည်ကော်မရှင်များနှင့် ကော်မီတီများကို လိုအပ်သလိုဖွဲ့စည်း၍ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်သည်။

၅၇။ × × × ×[၁]

၅၈။ နိုင်ငံတော်ကောင်စီနှင့်ဗဟိုအာဏာပိုင်အဖွဲ့အစည်းများသည် ပြည်သူ့လွှတ်တော်ကို တာဝန်ခံရမည်။

၅၉။ (က) ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပချိန်၌ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဦးအား ဖမ်းဆီးရန် လိုအပ်ပါကခိုင်လုံသော အထောက်အထား ကိုပြည်သူ့လွှတ်တော်သဘာပတိအဖွဲ့သို့တင်ပြရမည်။ ပြည်သူ့လွှတ်တော် သဘာပတိအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိပဲ ဖမ်းဆီးခြင်းမပြုရ၊

(ခ) ပြည်သူ့လွှတ်တော်အဖွဲ့အစည်းတခုခုအစည်းအဝေးကျင်းပချိန်တွင်ယင်းအဖွဲ့အစည်း၌ ပါဝင်သော ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ်တဦးဦးအား ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို နိုင်ငံတော် ကောင်စီ သို့ တင်ပြရမည်။ နိုင်ငံတော် ကောင်စီ၏ ကြိုတင်ခွင့်ပြုချက်မရရှိပဲ ဖမ်းဆီးခြင်းမပြုရ။

(ဂ) ပြည်သူ့လွှတ်တော်သို့မဟုတ်ပြည်သူ့လွှတ်တော်အဖွဲ့အစည်းတခုခုအစည်းအဝေးကျင်းပချိန် မဟုတ်လျှင် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်တဦးဦးအား ဖမ်းဆီးပါက ယင်းသို့ ဖမ်းဆီးရခြင်းအတွက် ခိုင်လုံသော အထောက်အထားကို နိုင်ငံတော် ကောင်စီသို့ အမြန်ဆုံးတင်ပြရမည်။

၆၀။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် အဖွဲ့အစည်းများ၏ အစည်းအဝေးတို့တွင် တင်ပြဆွေးနွေးဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တဦးဦးကို ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေများနှင့် စည်းကမ်းများမှတပါး အခြားဥပဒေများအရ တစုံတရာအရေးယူ အပြစ်ပေးခြင်း မရှိစေရ။

---

၁ ( ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ )ဖြင့် ပယ်ဖျက်သည်။

၆၁။ ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပသည့်ကာလမဟုတ်လျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဦး၏စာဖြင့်မေးမြန်းချက်ကို ဗဟိုအာဏာပိုင်အဖွဲ့အစည်းများက ရက်သတ္တသုံးပတ်အတွင်း ပြန်လည် ဖြေကြားရမည်။

၆၂။ × × × ×[၁]

၆၃။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့ကောင်စီ တရပ်ရပ်ကို ဖြစ်စေ၊ ပြည်သူ့ကောင်စီများကိုဖြစ်စေ အောက်ပါအကြောင်း တခုခုကြောင့် ဖျက်သိမ်းနိုင်သည် -

(က) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် ဆောင်ရွက်ခြင်း၊

(ဂ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးကို အန္တရာယ်ပြုထိပါးခြင်း၊

(ဃ) ပြည်သူ့လွှတ်တော်က ချမှတ်ပြဋ္ဌာန်းထားသော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ဆန့်ကျင်ချိုးဖောက်ခြင်း၊

(င) တာဝန်များကို ကျေပွန်စွာမထမ်းဆောင်ခြင်း။

---

၁ ( ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ) ဖြင့် ပယ်ဖျက်သည်။

# အခန်း (၅)

## နိုင်ငံတော်ကောင်စီ

၆၄။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်ကောင်စီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ အောက်ပါပုဂ္ဂိုလ် များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည် -

(က) ပြည်နယ်နှင့်တိုင်းတခုစီ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ အထဲမှ တဦးကျစီ ရွေးချယ် တင်မြှောက် သော ကိုယ်စားလှယ်များ၊

(ခ) ပုဒ်မခွဲ (က) အရ ရွေးချယ်တင်မြှောက်သော ကိုယ်စားလှယ်ဦးရေးနှင့်ညီမျှသည့် အရေအတွက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့အထဲမှ ရွေးချယ်တင်မြှောက်သောကိုယ်စားလှယ်များ၊

၆၅။ ပုဒ်မ ၆၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များသည် မိမိတို့အထဲမှ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌတစ်ဦးနှင့်အတွင်းရေးမှူးတစ်ဦးကို ရွေးချယ်တင်မြှောက်၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ရယူရမည်။[၁]

၆၆[၂]။ (က) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် နိုင်ငံတော်သမ္မတ ဖြစ်သည်၊

(ခ) နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌသည် နိုင်ငံတော်ဒုတိယသမ္မတ ဖြစ်သည်။

၆၇။ နိုင်ငံတော်သမ္မတ၏ သက်တမ်းသည် နိုင်ငံတော်ကောင်စီ၏သက်တမ်းနှင့်အညီ ဖြစ်သည်။

၆၈။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်ကိုကိုယ်စားပြုသည်။

၆၉[၃]။ (က) နိုင်ငံတော်ကောင်စီဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ္တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌက ဥက္ကဋ္ဌ၏တာဝန်ဝတ္တရားများကို ပူးတွဲထမ်းဆောင်ရမည်၊

(ခ) နိုင်ငံတော်ကောင်စီဒုတိယဥက္ကဋ္ဌသည် မိမိ၏တာဝန်ဝတ္တရားများကို ယာယီအားဖြင့် မထမ်းဆောင်နိုင်လျှင် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးက ဒုတိယဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို ပူးတွဲထမ်းဆောင်ရမည်။

၇၀။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်မှုရှိစေရန် နိုင်ငံတော်ကောင်စီက တာဝန်ယူ ဆောင်ရွက်ရမည်။

၇၁။ နိုင်ငံတော်ကောင်စီသည်ပြည်သူ့လွှတ်တော်ကို တာဝန်ခံရမည်။ မိမိ၏ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ အစီရင်ခံရမည်။

၇၂။ နိုင်ငံတော်ကောင်စီ၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ နိုင်ငံတော်ကောင်စီသည် ပြည်သူ့လွှတ်တော်သက်တမ်းကုန်ဆုံးသည့်အခါ နိုင်ငံတော်ကောင်စီအသစ် ရွေးချယ်တင်မြှောက်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

---

၁ ( ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ )ဖြင့်ပြင်ဆင်သည်။
၂ ( ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ )ဖြင့်ပြင်ဆင်သည်။
၃ ( ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ )ဖြင့်ပြင်ဆင်သည်။

၇၃။ နိုင်ငံတော်ကောင်စီသည် အောက်ပါလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည် -

(က) ပြည်သူ့လွှတ်တော်အစည်းအဝေးကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ခေါ်ယူခြင်း၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေမှအပ အခြားဥပဒေများ၏အနက်အဓိပ္ပာယ်ကိုတညီတညွတ်တည်း ဖြစ်စေရန် ဖွင့်ဆိုခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများနှင့် နည်းဥပဒေများကို ထုတ်ပြန်ခြင်း၊

(ဃ) ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့များကိုသော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် ထိုအဖွဲ့ဝင်များထဲမှ အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်လျှင်သော်လည်းကောင်း ရွေးချယ် တင်မြှောက်နိုင်ရန် ပုဒ်မ ၆၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင်များက စုပေါင်း၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ အမည်စာရင်းတင်သွင်းခြင်း၊ [၁]

(င) ပြည်သူ့လွှတ်တော်ရေးရာကော်မတီများကိုသော်လည်းကောင်း၊ အကြောင်းတစ်ခုခုကြောင့် ထိုကော်မတီဝင် များထဲမှ ကော်မတီဝင်တစ်ဦးဦး လစ်လပ်လျှင်သော်လည်း ကောင်း ရွေးချယ်တင်မြှောက်နိုင်ရန်နှင့် အစားထိုး ရွေးချယ်တင်မြှောက်နိုင်ရန် ပုဒ်မ၆၄ ပုဒ်မခွဲ(က) နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီဝင် များက စုပေါင်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲမှ အမည်စာရင်းတင်သွင်းခြင်း။[၂]

(စ) နိုင်ငံခြားတိုင်းပြည်များနှင့်သံတမန်ဆက်သွယ်ခြင်း၊ ဖြတ်တောက်ခြင်း၊ သံတမန်များကို ခန့်အပ်ခြင်း၊ ပြန်လည် ခေါ်ယူခြင်းနှင့်ပတ်သက်၍ အဆုံးအဖြတ် ပေးခြင်း၊

(ဆ) နိုင်ငံခြားသံတမန်များ၏ ခန့်အပ်လွှာများကို လက်ခံခြင်း၊ နိုင်ငံခြားသံတမန်များအား ပြန်လည်ခေါ်ယူရန် အကြောင်းကြားခြင်းနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(ဇ) ပြည်သူ့လွှတ်တော်၏အတည်ပြုချက်ဖြင့် နိုင်ငံတကာနှင့်စာချုပ်များကို ချုပ်ဆိုခြင်း၊ အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ စာချုပ်မှနုတ်ထွက်ခြင်းတို့နှင့် ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(ဈ) နိုင်ငံအချင်းချင်း သဘောတူညီချက်များ နှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခြင်း၊

(ည) ဒုတိယဝန်ကြီးများကို ရွေးချယ်ခန့်အပ်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊

(ဋ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးဦးအား နိုင်ငံတော်ကို သစ္စာဖောက်မှုဖြင့် အရေးယူရန် အကြောင်းပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အား တာဝန်မှလည်းကောင်း၊ ပြည်သူ့လွှတ်တော် အစည်းအဝေးတက် ရောက်ခြင်းမှလည်းကောင်း ခေတ္တရပ်စဲ၍အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

(ဌ) ဝန်ထမ်းအဖွဲ့အစည်းများ၏ အကြီးအကဲများကို ခန့်အပ်ခြင်း၊ ထုတ်ပယ်ခြင်း၊

---

၁ ( ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ )ဖြင့်ပြင်ဆင်သည်။

၂ ( ၁၉၈၅ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ )ဖြင့်ပြင်ဆင်သည်။

(ဍ) ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ဆုံးဖြတ်ချက်များ၊အမိန့်များသည် ဥပဒေနှင့်ကိုက်ညီခြင်း မရှိပါက ပယ်ဖျက်ခြင်း၊

(ဎ) ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များကို ပြဋ္ဌာန်းခြင်း၊ အပ်နှင်းခြင်း၊ရုပ်သိမ်းခြင်း၊

(ဏ) လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊

(တ) ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အခြားဥပဒေများကအပ်နှင်းသောတာဝန်နှင့် လုပ်ပိုင်ခွင့်များကို တာဝန်ယူ ဆောင်ရွက်ခြင်း။

၇၄။ နိုင်ငံတော်ကောင်စီသည် ပြည်သူ့လွှတ်တော် အစည်းအဝေးတခုနှင့် တခုအကြားတွင်ပုဒ်မ၄၇ ပါတီကိစ္စများမှအပ အခြားကိစ္စများအတွက်လိုအပ်လျှင် ဥပဒေကဲ့သို့အာဏာတည်သော အမိန့်များကို ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။ ယင်းအမိန့်များကို ရက်ပေါင်း ကိုးဆယ်အတွင်းကျင်းပသော အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍အတည်ပြုချက် ရယူရမည်။ယင်းအမိန့်များကို ထုတ်ပြန်ပြီးနောက် ရက်ပေါင်းကိုးဆယ်အတွင်း ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပရန်မရှိလျှင် ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးကို ခေါ်ယူကျင်းပ၍ အတည်ပြုချက်ရယူရမည်။ ပြည်သူ့လွှတ်တော်၏အတည်ပြုချက် မရရှိလျှင် ယင်းအမိန့်များသည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

၇၅။ နိုင်ငံတော်သည် ကျူးကျော်တိုက်ခိုက်ခြင်းခံရလျှင် နိုင်ငံတော်ကောင်စီက စစ်ရေးအရ လိုအပ်သလို ဆောင်ရွက် ပိုင်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ချက်ကို ပြည်သူ့လွှတ်တော်အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍ တင်ပြရမည်။ ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပရန် လုံးဝမဖြစ်နိုင်သော အခြေအနေမျိုးတွင် နိုင်ငံတော်ကောင်စီသည် စစ်ရေးအရ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ ယင်းဆောင်ရွက်ကို အနီးကပ်ဆုံး ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၇၆။ နိုင်ငံ၏ဒေသအချို့တွင်သော်လည်းကောင်း၊ နိုင်ငံတဝန်းလုံးတွင်သော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်ကောင်စီသည် လိုအပ်ပါက အရေးပေါ်အခြေအနေ ကြေညာ၍ စစ်အုပ်ချုပ်ရေးဥပဒေကို ထုတ်ပြန်နိုင်သည်။ နိုင်ငံ၏ ဒေသအချို့အတွက်သော်လည်းကောင်း၊ နိုင်ငံတဝန်းလုံး အတွက်သော်လည်းကောင်း စစ်စည်းရုံးခြင်းကို ပြုလုပ်နိုင်သည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ပြည်သူ့ လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၇၇။ စစ်ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် သော်လည်းကောင်း၊ လုံခြုံရေးပျက်ပြားသည့် အခြေအနေများကြောင့်သော်လည်းကောင်း၊ ရွေးချယ်တင်မြှောက်ပွဲများကျင်းပရန် မဖြစ်နိုင်သည့် အခါတွင် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် ပြည်သူ့လွှတ်တော်တို့၏ ပုံမှန်သက်တမ်းကုန်ဆုံးစေကာမူ ယင်းတို့၏သက်တမ်းကို တကြိမ်လျှင် ခြောက်လတာဖြင့် သုံးကြိမ်အထိတိုးမြှင့်ပေးရန် နိုင်ငံတော်ကောင်စီက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်ခွင့် ရှိသည်။

၇၈။ နိုင်ငံတဝန်းလုံး၌ အရေးပေါ်အခြေအနေ ပေါ်ပေါက်နေလျှင် နိုင်ငံတော်ကောင်စီသည်

အရေးပေါ် အခြေအနေကို ကြေညာ၍ ပြည်သူ့လွှတ်တော်အရေးပေါ် အစည်းအဝေးခေါ်ယူကျင်းပပေးရမည်။ ယင်းအစည်းအဝေးကို အစည်းအဝေး ထမြောက်ရေးအတွက် သတ်မှတ်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ မတက်ရောက်နိုင်လျှင် အောက်ပါ အတိုင်းဆောင်ရွက်ခွင့်ရှိသည် -

(က) နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်သူ့လွှတ်တော် အဖွဲ့အစည်းများ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် တက်ရောက်နိုင်သမျှသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစုပေါင်း၍ ပြည်သူ့ လွှတ်တော်၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

(ခ) ပြည်သူ့လွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပရန် အခြေအနေပေးလျှင်ပေးချင်း ပြည်သူ့လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပကာ ပြည်သူ့လွှတ်တော်၏ ကိုယ်စားဆောင်ရွက်ချက်များကိုတင်ပြ၍ အတည်ပြုချက်ရယူ ရမည်။

၇၉။ နိုင်ငံတော်ကောင်စီသည် ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့် ဝန်ထမ်း၊ အဖွဲ့အစည်းများ၏ လုပ်ငန်းများနှင့်ပတ်သက်၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈၀။ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသောဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတော်ကောင်စီက ထုတ်ပြန်သောအမိန့်များကို နိုင်ငံတော်ကောင်စီဥက္ကဋ္ဌက လက်မှတ်ရေးထိုးရမည်။ ယင်းတို့ကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။

၈၁။ ဝန်ထမ်းအဖွဲ့အစည်းများဖွဲ့စည်းရေးကို နိုင်ငံတော်ကောင်စီ၏ဆုံးဖြတ်ချက်အရသာလျှင် ဆောင်ရွက်နိုင်သည်။

## အခန်း(၆)

## ဝန်ကြီးအဖွဲ့

၈၂။ ဝန်ကြီးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) ပြည်သူ့လွှတ်တော်သည် ပုဒ်မ ၆၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော် ကောင်စီဝင်များက စုပေါင်း၍ တင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းထဲမှ ပုဂ္ဂိုလ်များကို ဝန်ကြီးအဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက် သည်။

(ခ) ဝန်ကြီးအဖွဲ့သည် မိမိတို့အထဲမှ ဝန်ကြီးချုပ်တဦးကို ရွေးချယ်တင်မြှောက်သည်။

(ဂ) ဝန်ကြီးအဖွဲ့သည် ဝန်ကြီးချုပ်က အမည်စာရင်းတင်သွင်းသော ဝန်ကြီးများထဲမှ ဒုတိယဝန်ကြီးချုပ်များကို ရွေးချယ်တင်မြှောက်သည်။

၈၃။ ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏အမြင့်ဆုံးပြည်သူ့ရေးရာစီမံခန့်ခွဲရေးအဖွဲ့ဖြစ်သည်။

၈၄။ ဝန်ကြီးအဖွဲ့သည် ပြည်သူ့လွှတ်တော်ကို တာဝန်ခံရမည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပသည့် ကာလ မဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံရမည်။

၈၅။ ဝန်ကြီးအဖွဲ့သည် -

(က) ဒုတိယဝန်ကြီးများအဖြစ် တာဝန်ပေးအပ်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ အမည်စာရင်းကို နိုင်ငံတော်ကောင်စီသို့ တင်သွင်းရမည်။

(ခ) ဒုတိယဝန်ကြီးတဦးဦးကို တာဝန်မှရပ်စဲရန်လိုအပ်လျှင်နိုင်ငံတော်ကောင်စီသို့အဆိုပြုနိုင်သည်။

၈၆။ (က) ဝန်ကြီးအဖွဲ့၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ဝန်ကြီး အဖွဲ့သည် ပြည်သူ့လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါဝန်ကြီးအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီး သည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ဒုတိယဝန်ကြီးများ၏သက်တမ်းသည် ဝန်ကြီး အဖွဲ့၏သက်တမ်းနှင့်အညီ ဖြစ်သည်။

၈၇။ ဝန်ကြီးအဖွဲ့သည် -

(က) ပြည်သူ့လွှတ်တော်ကိုယ်စား နိုင်ငံတော်၏ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံခြားရေးနှင့် နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများကို စုပေါင်းဦးဆောင်မှုစနစ်အရ တာဝန်ယူစီမံခန့်ခွဲသည်။

(ခ) ဆိုရှယ်လစ်စီးပွားရေးစနစ်ကိုတိုင်းရင်းသားလူမျိုးများအားလုံး၏စီးပွားရေးစီမံကိန်းများဖြင့် အကောင် အထည်ဖော် ဆောင်ရွက်သည်။

(ဂ) ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်များ၊ နိုင်ငံတော်ကောင်စီ၏အမိန့်များကို အကောင် အထည်ဖော်သည်။

(ဃ) ဝန်ကြီးဌာနများ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး အဖွဲ့အစည်းများနှင့်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့အဆင့်ဆင့်ကို လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ဆက်သွယ်ပေးခြင်းပြုသည်။

(င) တရားဥပဒေစိုးမိုးရေးနှင့် စည်းကမ်းသေဝပ်တည်ငြိမ်ရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်သည်။

(စ) ပြည်သူ့လွှတ်တော်ကဖြစ်စေ၊ နိုင်ငံတော်ကောင်စီကဖြစ်စေ သတ်မှတ်ပေးသည့် အခြားတာဝန်များကို ဆောင်ရွက်သည်။

၈၈။ ဝန်ကြီးအဖွဲ့သည် အောက်ပါလုပ်ငန်းများကို လိုအပ်သလို ညှိနှိုင်းရေးဆွဲ၍ နိုင်ငံတော်ကောင်စီမှတဆင့်ပြည်သူ့ လွှတ်တော်သို့ တင်ပြရမည် -

(က) နှစ်ရှည်၊ နှစ်တိုနှင့် နှစ်စဉ်စီးပွားရေး စီမံကိန်းများ၊

(ခ) နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်း၊

(ဂ) နိုင်ငံတော်၏ အခြေအနေနှင့် ပတ်သက် သောနှစ်စဉ်အစီရင်ခံစာများ၊

(ဃ) အခါအားလျော်စွာလိုအပ်သောအစီရင်ခံစာများ။

၈၉။ အောက်ပါဥပဒေကြမ်းများကို ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းပေးနိုင်ရန် ဝန်ကြီးအဖွဲ့ကသာလျှင် နိုင်ငံတော် ကောင်စီမှတဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည် -

(က) စီးပွားရေးစီမံကိန်းနှင့် ပတ်သက်သည့် ဥပဒေကြမ်း၊

(ခ) ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပတ်သက် သည့်ဥပဒေကြမ်း၊

(ဂ) အခွန်အကောက်နှင့် ပတ်သက်သည့် ဥပဒေကြမ်း။

၉၀။ မိမိနှင့်သက်ဆိုင်သည့် ပြည်သူ့ရေးရာစီမံခန့်ခွဲရေးအဖွဲ့အစည်းအဆင့်ဆင့်၏လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ဝန်ကြီးတဦးစီ၌ တာဝန်ရှိသည်။

၉၁။ ဝန်ကြီးသည် ဝန်ကြီးအဖွဲ့ကို တာဝန်ခံရမည်။ ဒုတိယဝန်ကြီးသည် သက်ဆိုင်ရာဝန်ကြီးကို တာဝန်ခံရမည်။

၉၂။ ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ကိုရယူ၍ပြည်သူ့ရေးရာစီမံခန့်ခွဲရေးဝန်ထမ်း အဖွဲ့အစည်းအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ လိုအပ်သောဝန်ထမ်းများကို ဥပဒေနှင့်အညီ ခန့်အပ်နိုင်သည်။

၉၃။ ဝန်ကြီးအဖွဲ့သည် ပြည်သူ့ရေးရာစီမံခန့်ခွဲရေး အဖွဲ့အစည်းအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၉၄။ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးအဖွဲ့အစည်း အဆင့်ဆင့်သည် မိမိ၏အထက်အဖွဲ့အစည်းများကို လည်းကောင်း၊ သက်ဆိုင်ရာပြည်သူ့ကောင်စီများကို လည်းကောင်း တာဝန်ခံ၍ ယင်းတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် စစ်ဆေးမှုကို ခံယူရမည်။

# အခန်း(၇)

# ပြည်သူ့တရားသူကြီးအဖွဲ့

၉၅။ (က) ပြည်သူ့လွှတ်တော်သည် ပုဒ်မ၆၄ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော် ကောင်စီဝင်များက စုပေါင်း၍တင်သွင်းသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်းထဲမှ ပုဂ္ဂိုလ်များကို ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်သည်။

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များသည်မိမိတို့အထဲမှဥက္ကဋ္ဌတဦးကိုရွေးချယ် တင်မြှောက်ရမည်။

၉၆။ (က) နိုင်ငံတော်တွင် အောက်ပါတရားသူကြီးအဖွဲ့များကို ဖွဲ့စည်းထားရမည် -

(၁) ပြည်သူ့တရားသူကြီးအဖွဲ့၊

(၂) ပြည်နယ်တရားသူကြီးအဖွဲ့ တိုင်းတရားသူကြီးအဖွဲ့၊

(၃) မြို့နယ်တရားသူကြီးအဖွဲ့၊

(၄) ရပ်ကွက်တရားသူကြီးအဖွဲ့၊ ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့။

(ခ) တရားသူကြီးအဖွဲ့များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်က ဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၉၇။ ပြည်သူ့တရားသူကြီးအဖွဲ့၏ သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့် အညီဖြစ်သည်။ ပြည်သူ့တရားသူကြီးအဖွဲ့သည် ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးသည့်အခါ ပြည်သူ့တရားသူကြီး အဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၉၈။ တရားစီရင်ရာတွင်အဖွဲ့ဖြင့်သာ စီရင်ရမည်။

၉၉။ ပြည်သူ့တပ်မတော်သားများအတွက် စစ်ဖက်တရားစီရင်ရာတွင်မူအဖွဲ့ဖြင့်ဖြစ်စေ၊ တဦးတည်းဖြင့်ဖြစ်စေ ဥပဒေနှင့် အညီ စီရင်နိုင်သည်။

၁၀၀။ လုပ်ငန်းဆိုင်ရာတရားစီရင်ရေးအဖွဲ့များကို ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်သည်။

၁၀၁။ တရားစီရင်ရာတွင် အောက်ပါမူများအပေါ် အခြေခံ၍ တရားစီရင်ရမည် -

(က) ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင် ခြင်း၊

(ဃ) ဥပဒေကိုပြည်သူအများ နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်း၊

(င) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေခွင့်ပြုချက်ဘောင်အတွင်း၌ ဖြစ်နိုင်သရွေ့ ကျေအေး ပြီးပြတ်စေရန် ဆောင်ရွက်ခြင်း၊

(စ) ဥပဒေအရ တားမြစ်ထားချက်မှအပပြည်သူ လူထုရှေ့မှောက်တွင် တရားစီရင်ခြင်း၊

(ဆ) အမှုများတွင် ခုခံချေပခွင့်နှင့်ဥပဒေအရ အယူခံပိုင်ခွင့်ပေးခြင်း၊

(ဇ) ပြစ်မှုကျူးလွန်သူကိုအရေးယူအပြစ်ပေးရာတွင်အကျင့်စာရိတ္တပြုပြင်မှုကိုဦးတည်ခြင်း။

၁၀၂။ တရားစီရင်ရာတွင်မြန်မာစာကို အသုံးပြုရမည်။ လိုအပ်ပါကသက်ဆိုင်ရာတိုင်းရင်းသားစာကို အသုံးပြုနိုင်သည်။ လိုအပ်လျှင်စကားပြန်များရရှိစေရန်စီစဉ်ပေးရမည်။

၁၀၃။ ပြည်သူ့တရားသူကြီးအဖွဲ့သည် -

(က) နိုင်ငံတော်တွင် အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့ ဖြစ်သည်။

(ခ) လိုအပ်သောတရားစီရင်ရေးအဖွဲ့များကို မိမိတို့အဖွဲ့ဝင်များဖြင့်သာ ဖွဲ့စည်း၍တရားစီရင်ရမည်။

၁၀၄။ ပြည်သူ့တရားသူကြီးအဖွဲ့သည် ပြည်သူ့လွှတ်တော် ကို တာဝန်ခံရမည်။ တရားစီရင်ရေးအခြေအနေကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံရမည်။ ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပသည့်ကာလမဟုတ်လျှင် နိုင်ငံတော် ကောင်စီကို တာဝန်ခံရမည်။

၁၀၅။ ပြည်သူ့တရားသူကြီးအဖွဲ့သည် နိုင်ငံတော်အတွင်းရှိ တရားစီရင်ရေးအဖွဲ့များနှင့် တရားရုံးများကို ကြီးကြပ် ကွပ်ကဲသည်။

၁၀၆။ (က) ပြည်နယ်၊ပြည်သူ့ကောင်စီများသည်ပြည်နယ်တရားသူကြီးအဖွဲ့များကိုလည်းကောင်း၊ တိုင်းပြည်သူ့ကောင်စီများသည်တိုင်းတရားသူကြီးအဖွဲ့များကိုလည်းကောင်း၊မြို့နယ်ပြည်သူ့ ကောင်စီများသည် မြို့နယ်တရားသူကြီးအဖွဲ့များကိုလည်းကောင်း၊ ရပ်ကွက်ပြည်သူ့ ကောင်စီ များသည် ရပ်ကွက်တရားသူကြီးအဖွဲ့များကိုလည်းကောင်း၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ များသည် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့များကိုလည်းကောင်း၊သက်ဆိုင်ရာပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ် တင်မြှောက်ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြည်သူ့ကောင်စီအဆင့်ဆင့်တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသောတရားသူကြီး အဖွဲ့ဝင်များသည် သက်ဆိုင်ရာတရားသူကြီးအဖွဲ့ဝင်များအထဲမှ ဥက္ကဋ္ဌတဦးစီကို ရွေးချယ်တင်မြှောက် ရမည်။

၁၀၇။ (က) ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ တရားသူကြီးအဖွဲ့အဆင့်ဆင့်သည် သက်ဆိုင်ရာတရားစီရင်ရေးအဖွဲ့များ ကို မိမိတို့ အဖွဲ့ဝင်များဖြင့် လိုအပ်သလို ဖွဲ့စည်း ရမည်။

(ခ) ပုဒ်မခွဲ (က)အရ သက်ဆိုင်ရာတရားစီရင်ရေးအဖွဲ့များကို ဖွဲ့စည်းရာတွင် တရားသူကြီးအဖွဲ့ဝင်များဖြင့် လုံလောက်မှုမရှိမှသာလျှင်သက်ဆိုင်ရာအဆင့်ရှိ တရားသူကြီး အဖွဲ့ဝင်တစ်ဦးဦးကို ဦးဆောင်စေ၍ သက်ဆိုင်ရာပြည်သူ့ကောင်စီဝင်များဖြင့် ဖွဲ့စည်းနိုင်သည်။သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များဖြင့် လုံလောက်မှုမရှိမှသာလျှင် အခြားသင့်လျော်သည့်နိုင်ငံသားများကိုထည့်သွင်း ဖွဲ့စည်းနိုင်သည်။

၁၀၈။ ပြည်နယ်တရားသူကြီးအဖွဲ့၊ တိုင်းတရားသူကြီးအဖွဲ့၊ မြို့နယ်တရားသူကြီးအဖွဲ့၊ ရပ်ကွက်တရားသူကြီးအဖွဲ့နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့တို့၏သက်တမ်းသည် သက်ဆိုင်ရာပြည်သူ့ကောင်စီ အဆင့်ဆင့်၏ သက်တမ်း နှင့်အညီဖြစ်သည်။ တရားသူကြီးအဖွဲ့အသီးသီးသည် သက်ဆိုင်ရာ ပြည်သူ့ ကောင်စီအဆင့်ဆင့်၏ သက်တမ်း ကုန်ဆုံးသည့်အခါ တရားသူကြီးအဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၀၉။ ပြည်သူ့တရားသူကြီးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏သဘောတူညီချက်ကိုရယူ၍ တရားရေးဝန်ထမ်း

အဖွဲ့အစည်းအဆင့်ဆင့်ကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်။ လိုအပ်သောတရားရေး ဝန်ထမ်းများကို ဥပဒေနှင့်အညီ ခန့်အပ်နိုင်သည်။

၁၁၀။ ပြည်နယ်တရားသူကြီးအဖွဲ့၊ တိုင်းတရားသူကြီးအဖွဲ့၊ မြို့နယ်တရားသူကြီးအဖွဲ့၊ ရပ်ကွက်တရားသူကြီးအဖွဲ့နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့အသီးသီးသည် မိမိတို့က ဖွဲ့စည်းပေးသည့်တရားစီရင်ရေးအဖွဲ့များနှင့် တရားရုံးများကို ကြီးကြပ်ကွပ်ကဲရမည်။ ထို့အပြင် တရားသူကြီး အဖွဲ့အသီးသီးသည် မိမိတို့သက်ဆိုင်ရာပြည်သူ့ကောင်စီ ကို တာဝန်ခံရမည်။

## အခန်း(၈)

## ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့

၁၁၁။ (က) ပြည်သူ့လွှတ်တော်သည်ပုဒ်မ ၆၄ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော် ကောင်စီဝင်များကစုပေါင်း၍ တင်သွင်းသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းထဲမှ ပုဂ္ဂိုလ်များကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်သည်။

(ခ) ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်များသည် မိမိတို့အထဲမှဥက္ကဋ္ဌတဦးကို ရွေးချယ်တင်မြှောက်ရမည်။

၁၁၂။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သည် အောက်ပါတာဝန်များကို ထမ်းဆောင်ရမည် -

(က) ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) လုပ်သားပြည်သူတို့၏ရပိုင်ခွင့်များနှင့်အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) နိုင်ငံတော်ကောင်စီနှင့်ဝန်ကြီးအဖွဲ့အားဥပဒေနှင့်ပတ်သက်သည့်အကြံဉာဏ်များပေးခြင်း၊

(ဃ) ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဝန်ထမ်းအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များသည် ဥပဒေနှင့်မညီညွတ်ကြောင်း တွေ့ရှိပါက နိုင်ငံတော်ကောင်စီသို့တင်ပြခြင်း၊

(င) ဥပဒေအရ သတ်မှတ်ပေးသည့် တာဝန်များကို ထမ်းဆောင်ခြင်း။

၁၁၃။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၏ သက်တမ်း သည် ပြည်သူ့လွှတ်တော်၏ သက်တမ်းနှင့် အညီဖြစ်သည်၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သည် ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးသည့်အခါ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့အသစ်ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၁၄။ ပြည်သူ့ဥပဒေ၊ အကျိုးဆောင်အဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုတာဝန်ခံရမည်၊ ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ပါ လုပ်ငန်းအခြေအနေများကို ပြည်သူ့လွှတ်တော်ကို အစီရင်ခံရမည်။ ပြည်သူ့လွှတ်တော် အစည်းအဝေး ကျင်းပသည့်ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံရမည်။

၁၁၅။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ကိုရယူ၍ ဥပဒေဝန်ထမ်း အဖွဲ့အစည်းအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ လိုအပ်သောဥပဒေဝန်ထမ်းများကို ဥပဒေနှင့်အညီ ခန့်အပ်နိုင်သည်။

၁၁၆။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သည် ဗဟိုဥပဒေဝန်ထမ်းများ၊ ပြည်နယ်နှင့်တိုင်းဥပဒေဝန်ထမ်းများ၊ မြို့နယ် ဥပဒေဝန်ထမ်းများကို လမ်းညွှန်၍ ကြီးကြပ်ကွပ်ကဲရမည်။

၁၁၇။ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ဗဟို၊ ပြည်နယ်နှင့်တိုင်းဥပဒေဝန်ထမ်းများ၊ မြို့နယ်ဥပဒေဝန်ထမ်းများ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်က ဥပဒေဖြင့်ပြဋ္ဌာန်းရမည်။

## အခန်း(၉)

## ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့

၁၁၈။ (က) ပြည်သူ့လွှတ်တော်သည် ပုဒ်မ ၆၄ ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ ရွေးချယ်တင်မြှောက်ထားသော နိုင်ငံတော်ကောင်စီ ဝင်များက စုပေါင်း၍တင်သွင်းသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အမည် စာရင်းထဲမှပုဂ္ဂိုလ်များကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များအဖြစ် ရွေးချယ်တင်မြှောက်သည်။

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များသည်မိမိတို့အထဲမှဥက္ကဋ္ဌတဦးကို ရွေးချယ်တင်မြှောက်ရမည်။

၁၁၉။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးနှင့်ပတ်သက်၍ အမြင့်ဆုံးအဖွဲ့ဖြစ်သည်။

၁၂၀။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ပြည်သူ့လွှတ်တော်ကို တာဝန်ခံရမည်။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအခြေအနေများကို ပြည်သူ့လွှတ်တော်သို့ အစီရင်ခံရမည်။ ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပသည့်ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံရမည်။

၁၂၁။ (က) ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ ဝန်ထမ်းအဖွဲ့အစည်းများနှင့် စစ်ဆေးရန် ဥပဒေအရ သတ်မှတ်ထားသော အခြားအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ပြည်သူ တို့အတွက်အကျိုးသက်ရောက်မှု ရှိ မရှိကို ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးရမည်။

(ခ) ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် စစ်ဆေးတွေ့ရှိချက်များနှင့် ဆောင်ရွက်ချက်များကို နိုင်ငံတော် ကောင်စီမှတဆင့် ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

၁၂၂။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် ပြည်သူ့လွှတ်တော် သက်တမ်းကုန်ဆုံးသည့်အခါ ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့အသစ်ရွေးချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရမည်။

၁၂၃။ (က) ပြည်နယ်၊ပြည်သူ့ကောင်စီများသည်ပြည်နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များကိုလည်းကောင်း၊တိုင်းပြည်သူ့ကောင်စီများသည်တိုင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့များကိုလည်းကောင်း၊မြို့နယ်ပြည်သူ့ကောင်စီများသည်မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့များကိုလည်းကောင်းသက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင် များဖြင့် ရွေးချယ် တင်မြှောက် ဖွဲ့စည်းရမည်။

(ခ) ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့အသီးသီး၏ အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးကို ရွေးချယ် တင်မြှောက်ရမည်။

(ဂ) ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်က ဥပဒေဖြင့် ပြဋ္ဌာန်းရမည်။

၁၂၄။ ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့ အသီးသီးသည် သက်ဆိုင်ရာပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၂၅။ ဒေသဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များသည် အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည် –

(က) ပြည်သူ့ကောင်စီ အစည်းအဝေးတခုနှင့်တခုအကြားမိမိတို့၏ဆောင်ရွက်ချက်များကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီ သို့ အစီရင်ခံ တင်ပြခြင်း၊

(ခ) သက်ဆိုင်ရာပြည်သူ့ကောင်စီနှင့် မိမိတို့အထက်အဖွဲ့အစည်းများ၏ လမ်းညွှန်မှုကို ခံယူ၍အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ အစီရင်ခံတင်ပြခြင်း။

၁၂၆။ ဒေသဆိုင်ရာ လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့၏ သက်တမ်းသည် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ သက်တမ်းနှင့် အညီဖြစ်သည်။ ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေးအဖွဲ့သည် ပြည်သူ့ကောင်စီ၏သက်တမ်း ကုန်ဆုံးသည့်အခါ ဒေသဆိုင်ရာလုပ်ငန်း စစ်ဆေးရေး အဖွဲ့အသစ် ရွေးချယ်တင်မြှောက်ပြီး သည့်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂၇။ ပြည်သူ့လုပ်ငန်းအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ကို ရယူ၍ စာရင်းဝန်ထမ်းအဖွဲ့အစည်း အဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ လိုအပ်သော စာရင်းဝန်ထမ်းများကိုဥပဒေနှင့် အညီ ခန့်အပ်နိုင်သည်။

၁၂၈။ ဗဟိုစာရင်းရုံးသည် ပြည်သူ့လုပ်ငန်းစစ်ဆေးရေး အဖွဲ့ကိုလည်းကောင်း၊ အဆင့်ဆင့်သော စာရင်းရုံးများသည် သက်ဆိုင်ရာလုပ်ငန်းစစ်ဆေးရေးအဖွဲ့များနှင့် မိမိ၏အထက်အဖွဲ့အစည်းများကို လည်းကောင်း တာဝန်ခံ၍ ယင်းတို့၏ကြီးကြပ်ကွပ်ကဲမှုနှင့် စစ်ဆေးမှုကို ခံယူရမည်။

# အခန်း (၁၀)

## ပြည်သူ့ကောင်စီများ

၁၂၉။ ပြည်သူ့ကောင်စီအဆင့်ဆင့်ကို ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာ ဥပဒေများအရ သက်ဆိုင်ရာဒေသအတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော နိုင်ငံသားများက လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက် ရွေးချယ်တင်မြှောက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

၁၃၀။ ပြည်သူ့ကောင်စီအဆင့်ဆင့်တွင်လည်းကောင်း၊ ပြည်သူ့ကောင်စီအဖွဲ့အစည်းများတွင်လည်းကောင်း ပါဝင်ရမည့် ပြည်သူ့ကိုယ်စားလှယ်အရေအတွက်ကို ဥပဒေဖြင့် သတ်မှတ်ပေးရမည်။

၁၃၁။ ပြည်သူ့ကောင်စီအဆင့်ဆင့်၏သက်တမ်းသည် ပြည်သူ့လွှတ်တော်၏ပုံမှန်သက်တမ်းနှင့်အညီဖြစ်သည်။

၁၃၂။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများဖြစ်၍ အောက်ပါ လုပ်ငန်းရပ် များကို ဥပဒေဘောင်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည် -

(က) စီးပွားရေး၊ လူမှုရေးနှင့် ပြည်သူ့ရေးရာ စီမံခန့်ခွဲရေး၊

(ခ) တရားစီရင်ရေး၊

(ဂ) ဒေသဆိုင်ရာလုံခြုံရေး၊ ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့်စည်းကမ်းသေဝပ်တည်ငြိမ်ရေး၊

(ဃ) တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်ရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး၊

(င) သက်ဆိုင်ရာဒေသအတွင်းရှိလုပ်သားပြည်သူများ၏ရပိုင်ခွင့်များကိုကာကွယ်စောင့်ရှောက်ပေးရေးနှင့် လုပ်သားပြည်သူများကလည်းတာဝန်ဝတ္တရားများကိုကျေပွန်စွာထမ်းဆောင်ကြစေရန်စည်းရုံး လှုံ့ဆော်ရေး၊

(စ) စီးပွားရေးစီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး၊

(ဆ) နှစ်စဉ်ရသုံးခန့်မှန်းခြေငွေစာရင်းပြုစုရေးနှင့် ပေါင်းစပ်ညှိနှိုင်းပေးရေး၊

(ဇ) ဆောက်လုပ်ရေး၊ နေရာချထားရေးကျေးလက်ဖွံ့ဖြိုးရေးနှင့် မြို့ပြစည်ပင်သာယာရေး၊

(ဈ) လမ်းပန်းဆက်သွယ်ရေး၊

(ည) မိမိနှင့်သက်ဆိုင်သောဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဝန်ထမ်း အဖွဲ့အစည်းများကို လမ်းညွှန်ရေး၊ ကြီးကြပ်ကွပ်ကဲရေး၊ ပေါင်းစပ်ညှိနှိုင်း ပေးရေး၊

(ဋ) ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်ပြည်သူများနိုးကြားတက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ပြည်သူများ နှင့် နီးကပ်စွာထိတွေ့ ဦးဆောင်မှုပေးရေး၊

(ဌ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်စေရေး၊

(ဍ) ဒေသဆိုင်ရာဝန်ထမ်းရေးရာကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရေး၊

(ဎ) ဥပဒေအရသတ်မှတ်သည့် အခြားလိုအပ်သော ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ရေး။

၁၃၃။ (က) ပြည်သူ့ကောင်စီအဆင့်ဆင့်၏ အစည်းအဝေးများကို ဥပဒေကသတ်မှတ်သည့်

အတိုင်းကျင်းပ ရမည်။

(ခ) ပြည်သူ့ကောင်စီအဆင့်ဆင့်၏ ပုံမှန်အစည်းအဝေးကျင်းပသည့်အခါတိုင်း အစည်းအဝေးကို ကြီးကြပ် ကွပ်ကဲရန် ပြည်သူ့ကောင်စီဝင်များထဲမှ သဘာပတိ အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ရမည်။

(ဂ) သဘာပတိအဖွဲ့ဝင်များထဲမှ အလှည့်ကျ သဘာပတိတဦးကျစီကို တာဝန်ပေး ဆောင်ရွက်စေရမည်။

(ဃ) ပြည်သူ့ကောင်စီတရပ်ရပ်တွင်အလုပ်အမှုဆောင်အဖွဲ့၊တရားသူကြီးအဖွဲ့၊သို့မဟုတ် လုပ်ငန်း စစ်ဆေးရေးအဖွဲ့တခုခု၌ အဖွဲ့ဝင်အဖြစ် ပါဝင်နေသည့် ပြည်သူ့ကောင်စီဝင် တစ်ဦးသည် ယင်းပြည်သူ့ကောင်စီ၏သဘာပတိအဖွဲ့ဝင်မဖြစ်စေရ၊ သဘာပတိအဖွဲ့ဝင်တဦးသည် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့ သို့မဟုတ် လုပ်ငန်းစစ်ဆေးရေးအဖွဲ့တရပ်ရပ်သို့ ရွေးချယ်တင်မြှောက်ခြင်းခံရလျှင် သဘာပတိအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ရမည်။

(င) သဘာပတိအဖွဲ့သည် သက်ဆိုင်ရာပြည်သူ့ကောင်စီ၏နောက်တကြိမ် ပုံမှန်အစည်းအဝေးကျင်းပ၍ သဘာပတိအဖွဲ့အသစ်ကို ရွေးချယ်တင်မြှောက်ပြီးသည့်အထိ တာဝန်ထမ်းဆောင်ရမည်။

(စ) ပြည်သူ့ကောင်စီအစည်းအဝေးခေါ်ယူကျင်းပပေးရန်သက်ဆိုင်ရာပြည်သူ့ကောင်စီဝင်အားလုံး၏ သုံးဆယ့်လေးရာခိုင်နှုန်းကတောင်းဆိုလျှင်သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့ကခေါ်ယူကျင်းပ ပေးရမည်။ တောင်းဆိုသည့်နေ့မှ ရက်ပေါင်းသုံးဆယ်အတွင်း အစည်းအဝေးခေါ်ယူ ကျင်းပပေးရန် ပျက်ကွက်ခဲ့လျှင် သက်ဆိုင်ရာ သဘာပတိအဖွဲ့က အမြန်ဆုံး အစည်းအဝေးခေါ်ယူကျင်းပပေးရမည်။

၁၃၄။ ပြည်နယ်ပြည်သူ့ကောင်စီ၊ တိုင်း၊ ပြည်သူ့ ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီများသည် ပြည်သူ့ကောင်စီရေးရာ ကော်မီတီများကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။

၁၃၅။ ပြည်သူ့ကောင်စီအဆင့်ဆင့်က ဆုံးဖြတ်ချမှတ်သည့်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် ပြည်သူ့ကောင်စီ အဆင့်ဆင့်တွင် အလုပ်အမှုဆောင်အဖွဲ့တဖွဲ့စီကို ပြည်သူ့ကောင်စီဝင်များဖြင့် ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အထဲမှ ဥက္ကဋ္ဌတဦးစီနှင့် အတွင်းရေးမှူးတဦးစီကို ရွေးချယ်တင်မြှောက်ရမည်။ ယင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့သည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့လည်း ဖြစ်ကြသည်။

၁၃၆။ ပြည်သူ့ကောင်စီဥက္ကဋ္ဌအသီးသီးသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအသီးသီး၏ ဥက္ကဋ္ဌလည်းဖြစ်သည်။

၁၃၇။ ပြည်သူ့ကောင်စီအဆင့်ဆင့်၏ အလုပ်အမှုဆောင် အဖွဲ့အသီးသီးသည် သက်ဆိုင်ရာပြည်သူ့ကောင်စီကို တာဝန်ခံရမည်။

၁၃၈။ ပြည်သူ့ကောင်စီအဆင့်ဆင့်၏ အလုပ်အမှုဆောင် အဖွဲ့များသည် အောက်ပါတာဝန်များကို

ဆောင်ရွက်ရမည် -

(က) ပြည်သူ့ကောင်စီအစည်းအဝေးကို သဘာပတိအဖွဲ့နှင့် ညှိနှိုင်း၍ ခေါ်ယူကျင်းပခြင်း၊

(ခ) ပြည်သူ့ကောင်စီ၏ဆုံးဖြတ်ချက်များ၊အမိန့်များနှင့်ညွှန်ကြားချက်များကိုထုတ်ပြန်ခြင်း၊ အကောင်အထည် ဖော်ခြင်း၊

(ဂ) ဝန်ကြီးအဖွဲ့နှင့် သက်ဆိုင်ရာပြည်သူ့ကောင်စီများက လမ်းညွှန်ချမှတ်သည့် လုပ်ငန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့် အပြန်အလှန်ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်း၊ အထက်အဆင့်ရှိ အလုပ်အမှုဆောင် အဖွဲ့ကအောက်အဆင့်ရှိ အလုပ်အမှုဆောင် အဖွဲ့ကိုလမ်းညွှန်ခြင်း၊ ကြီးကြပ် ကွပ်ကဲခြင်း၊

(င) ဒေသဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများကို လမ်းညွှန်ခြင်း၊ တာဝန်ယူကြီးကြပ်ကွပ်ကဲခြင်း၊ ညှိနှိုင်းပေးခြင်း၊ ဝန်ထမ်းရေးရာ ကိစ္စများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ပြည်သူ့ကောင်စီအစည်းအဝေးတခုနှင့်တခုအကြား မိမိတို့၏ဆောင်ရွက်ချက်များကို ပြည်သူ့ကောင်စီသို့ အစီရင်ခံ တင်ပြခြင်း၊

(ဆ) ပြည်သူ့ကောင်စီဝင်တစ်ဦးဦးအားနိုင်ငံတော်ကိုသစ္စာဖောက်မှုဖြင့်အရေးယူရန်အကြောင်း ပေါ်ပေါက်လျှင် ယင်းပုဂ္ဂိုလ်အားတာဝန်မှလည်းကောင်း၊ပြည်သူ့ကောင်စီအစည်းအဝေး တက်ရောက်ခြင်းမှလည်းကောင်း ခေတ္တရပ်စဲ၍ သက်ဆိုင်ရာပြည်သူ့ကောင်စီ၏ အနီးကပ်ဆုံး အစည်းအဝေး တွင် အတည်ပြုချက်ရယူခြင်း။

၁၃၉။ ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အလုပ်အမှုဆောင်အဖွဲ့တို့၏သက်တမ်းသည် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့သည် ပြည်သူ့ကောင်စီသက်တမ်း ကုန်ဆုံးသည့်အခါ အလုပ်အမှုဆောင်အဖွဲ့ အသစ်ရွေးချယ်တင်မြှောက်ဖွဲ့စည်းပြီးသည်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၄၀။ (က) ပြည်သူ့ကောင်စီအစည်းအဝေး ကျင်းပချိန်တွင် ပြည်သူ့ကောင်စီဝင်တစ်ဦးဦး အားဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့သို့ တင်ပြရမည်။ သက်ဆိုင်ရာ ပြည်သူ့ကောင်စီ သဘာပတိအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိပဲ ဖမ်းဆီးခြင်း မပြုရ၊

(ခ) ပြည်သူ့ကောင်စီအဖွဲ့အစည်းတခုခု အစည်းအဝေးကျင်းပချိန်တွင် ယင်းအဖွဲ့အစည်း၌ ပါဝင်သော ပြည်သူ့ကောင်စီဝင်တစ်ဦးဦးအား ဖမ်းဆီးရန်လိုအပ်ပါကခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြရမည်။ ယင်းအလုပ်အမှုဆောင် အဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိပဲ ဖမ်းဆီး ခြင်းမပြုရ၊

(ဂ) ပြည်သူ့ကောင်စီ သို့မဟုတ်ပြည်သူ့ကောင်စီအဖွဲ့အစည်း တစ်ခုခု အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင်ပြည်သူ့ကောင်စီဝင်တစ်ဦးဦးအား ဖမ်းဆီးပါက ယင်းသို့ ဖမ်းဆီးရခြင်းအတွက် ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီ

အလုပ်အမှုဆောင် အဖွဲ့သို့ အမြန်ဆုံး တင်ပြရမည်။

၁၄၁။ ပြည်သူ့ကောင်စီနှင့် ပြည်သူ့ကောင်စီအဖွဲ့အစည်းတစ်ခုခု၏အစည်းအဝေးများတွင် တင်ပြဆွေးနွေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်စည်းကမ်း ဥပဒေများမှအပ အခြားဥပဒေများ အရ ပြည်သူ့ကောင်စီဝင်တစ်ဦးဦးအား တစုံတရာ အရေးယူအပြစ် ပေးခြင်း မရှိစေရ။

၁၄၂။ ပြည်သူ့ကောင်စီဝင်များသည် မိမိတို့အားရွေးချယ် တင်မြှောက်လိုက်သည့် ပြည်သူများနှင့်ထိတွေ့ ဆက်သွယ် ၍ မိမိတို့၏ဆောင်ရွက်ချက်များကို ပြန်လည်အစီရင်ခံခြင်း နှင့် ပြည်သူများအားမူဝါဒရေးရာများကို အခါအား လျော်စွာ အသိပေးခြင်းပြုရမည်။

၁၄၃။ ပြည်သူ့ကောင်စီဝင်များသည် ပြည်သူတို့၏ ဆန္ဒသဘောထားများနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ ပြည်သူ့ ကောင်စီများသို့ တင်ပြဆောင်ရွက်ပေးရမည်။

၁၄၄။ ပြည်သူ့ကောင်စီအဆင့်ဆင့်သည် ဒေသဆိုင်ရာ အရေးကြီးသောကိစ္စများနှင့် ပြည်သူ့အကျိုးပြု အကြံပေး ချက်များကို အောက်မှအထက်သို့ အဆင့်ဆင့်အားဖြင့် နိုင်ငံတော်ကောင်စီအထိ တင်ပြနိုင် သည်။

## အခန်း (၁၁)

## နိုင်ငံသားများ၏မူလအခွင့်အရေးများနှင့်တာဝန်ဝတ္တရားများ

၁၄၅။ (က) ပြည်ထောင်စုဆိုရှယ်လစ်သမမတမြန်မာနိုင်ငံတော်၏ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားများဖြစ်သည်၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရနိုင်ငံသားဖြစ်ပြီး သူများသည်လည်း နိုင်ငံသားများဖြစ်သည်။

၁၄၆။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည်။

၁၄၇။ နိုင်ငံသားတိုင်း လူမျိုး၊ အဆင့်အတန်း၊ ရာထူးဋ္ဌာနနတရ၊ ဆင်းရဲချမ်းသာ၊ ယဉ်ကျေးမှု၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား အမျိုးသမီးမရွေး ဥပဒေအရာတွင် ခွဲခြားမှုမရှိစေဘဲ တန်းတူညီမျှမှုရှိစေရမည်။

၁၄၈။ နိုင်ငံသားတိုင်းသည်

(က) အလုပ်လုပ်ရာတွင် ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် ခံစားပိုင်ခွင့်ရှိသည်၊

(ခ) ဆိုရှယ်လစ်စီးပွားရေးဘောင်အတွင်း နိုင်ငံတော်က ခွင့်ပြုထားသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိသည်၊

(ဂ) နိုင်ငံတော်အတွင်း မည်သည့် အရပ်ဒေသ၌ မဆို ဥပဒေနှင့်အညီ အခြေစိုက်နေထိုင်ခွင့်ရှိသည်။

၁၄၉။ နိုင်ငံသားတိုင်းသည် မကျန်းမာသည့်အခါတွင် နိုင်ငံတော်က စီစဉ်ပေးသည့်အတိုင်း ဆေးကုသခံနိုင်ခွင့်ရှိသည်။

၁၅၀။ အလုပ်လုပ်သောနိုင်ငံသားတိုင်းသည်

(က) အနားယူပိုင်ခွင့်နှင့် အပန်းဖြေပိုင်ခွင့်ရှိသည်၊

(ခ) ဥပဒေအရ သတ်မှတ်သည့်အတိုင်း အလုပ်လုပ်ချိန်နှင့် အားလပ်ခွင့်များ ရပိုင်ခွင့်ရှိ သည်။

၁၅၁။ အလုပ်လုပ်သောနိုင်ငံသားတစ်ဦးဦးသည်

(က) အလုပ်ခွင်တွင် မတော်တဆ ထိခိုက်ဒဏ်ရာရသည့်အခါတွင်သော်လည်းကောင်း၊ မသန်မစွမ်းဖြစ်သည့် အခါတွင်သော်လည်းကောင်း၊ နာမကျန်းဖြစ်သည့် အခါတွင်သော်လည်းကောင်း၊ အိုမင်းမစွမ်း ဖြစ်သည့် အခါတွင်သော်လည်းကောင်း ဥပဒေအရ သတ်မှတ်ထားသည့်အတိုင်း ခံစားပိုင်ခွင့် ရှိသည်။

(ခ) သေဆုံးသွားသည့်အခါတွင် ယင်းပုဂ္ဂိုလ်၏ ဆက်ခံပိုင်ခွင့်ရှိသူများသည် ဥပဒေအရ သတ်မှတ်ထားသည့် အတိုင်းခံစားပိုင်ခွင့်ရှိသည်။

၁၅၂။ (က) နိုင်ငံသားတိုင်းပညာသင်ကြားပိုင်ခွင့်ရှိသည်၊

(ခ) မြန်မာစာသည် အများသုံးစာဖြစ်သည်၊ ကျန်တိုင်းရင်းသားများ၏စာများကိုလည်း သင်ကြားခွင့်ရှိသည်၊

(ဂ) နိုင်ငံသားတိုင်းသည် ဥပဒေဖြင့် ပြဋ္ဌာန်းသည့် မသင်မနေရ အခြေခံပညာကို သင်ကြားရမည်။

၁၅၃။ (က) နိုင်ငံသားတိုင်းသည် သိပ္ပံပညာ စူးစမ်းရှာဖွေ မှု၊ စာပေနှင့်အနုပညာ ခေတ်မီတိုးတက်အောင် တီထွင်ကြံဆရေးသားမှုနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စများတွင် လွတ်လပ်စွာ ဖော်ထုတ်ဆောင်ရွက်ခွင့် ရှိသည်။

(ခ) နိုင်ငံသားတိုင်းသည် မိမိတို့ ချစ်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာနှင့်စောင့်ထိန်းအပ်သော ဓလေ့ထုံးတမ်းများကို သီးခြားလွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ ဆောင်ရွက်ခြင်းသည် ပြည်ထောင်စုတစ်ခုလုံးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော တိုင်းရင်းသားစည်း လုံးညီညွတ်ရေးနှင့် ဆိုရှယ်လစ် လူနေမှုစနစ်တို့ကို ထိပါးရာရောက်ပါကလုံးဝရှောင်ကြဉ်ရမည်။မိမိတို့၏ သီးခြားဆောင် ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုးတစ်မျိုး၊ သို့မဟုတ် လူမျိုးများကို ထိခိုက်နစ်နာ စေလျှင် သက်ဆိုင်သူများအချင်းချင်း ပြန်လည်ညှိနိုင်း၍ ပြေလည်မှုရရှိပြီးမှသာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ပုဒ်မခွဲ(က) နှင့် (ခ) အရ ဆောင်ရွက်ခွင့်ရှိသော်လည်း တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ဆိုရှယ်လစ်လူနေမှုစနစ် ထိခိုက်စေမည့် လုပ်ရပ်များ ကိုမူ တားမြစ်သည်။ ယင်းတားမြစ်ချက်ကို ကျူးလွန်သူများအား ဥပဒေ အရ အပြစ်ပေး ရမည်။

၁၅၄။ (က) အမျိုးသမီးများသည် အမျိုးသားများနည်းတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ် ကျေးမှုဆိုင်ရာ အခွင့်အရေးတို့တွင် တန်းတူ ရည်တူ ခံစားခွင့် ရှိသည်၊

(ခ) မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် ဥပဒေအရ သတ်မှတ်ပေးသည့် အခွင့်အရေးများကို ခံစားခွင့် ရှိသည်၊

(ဂ) နိုင်ငံသားများမှ မွေးဖွားသော ကလေးတိုင်း တန်းတူ အခွင့်အရေး ခံစားခွင့် ရှိစေရမည်၊

(ဃ) အမျိုးသမီးများသည် ထိမ်းမြားလက်ထပ်ရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေးနှင့် သားသမီးစောင့်ရှောက်ထိန်းသိမ်းရေးတို့နှင့်ပတ်သက်၍ ဥပဒေအရလွတ်လပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များ ခံစားစေရမည်။

၁၅၅။ နိုင်ငံသားတိုင်း၌

(က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် တူညီစွာ ရရှိသည်၊

(ခ) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ဥပဒေ အရတင်သွင်းနိုင်ခွင့်ရှိ သည်၊

(ဂ) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ရွေးချယ် တင်မြှောက်ခြင်းခံရသော

ပြည်သူ့ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ တာဝန်မှပြန်လည်ရုပ်သိမ်းပိုင်ခွင့် ရှိသည်။

၃၅၄။ (က) နိုင်ငံသားတိုင်း လွတ်လပ်စွာ တွေးတောကြံဆခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်၊ မည်သည့်ဘာသာကိုမဆို လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ လွတ်လပ်မှုအခွင့်အရေးများ ရှိသော်လည်း လုပ်သားပြည်သူများ၏ အကျိုးစီးပွားအတွက် သော်လည်းကောင်း၊ စည်းကမ်းသေဝပ် တည်ငြိမ်ရေးအတွက် သော်လည်းကောင်း ဥပဒေ ပြဋ္ဌာန်းနိုင်သည်၊

(ဂ) ဘာသာရေးအဖွဲ့အစည်းများ နှင့် ဘာသာရေးကို နိုင်ငံရေးကိစ္စအလို့ငှာ အသုံးမပြုရ။ ယင်းကိစ္စနှင့် ပတ်သက်၍ဥပဒေ ပြဋ္ဌာန်းထားရမည်။

၃၅၇။ နိုင်ငံသားတိုင်း၌ လုပ်သားပြည်သူများ၏အကျိုးစီးပွားနှင့် ဆိုရှယ်လစ်အကျိုးစီးပွားကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်နှင့် လွတ်လပ်စွာထုတ်ဝေခွင့် ရှိသည်။

၃၅၈။ နိုင်ငံသားတိုင်း၌ ဥပဒေကခွင့်ပြုထားသော နိုင်ငံရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့် လူထုလူတန်းစားအဖွဲ့အစည်းများတွင် လွတ်လပ်စွာပါဝင်ခွင့်၊ လွတ်လပ်စွာစည်းရုံးခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ စုဝေးခွင့် နှင့် လွတ်လပ်စွာစီတန်းလှည့်လည်ခွင့် ရှိသည်။ ဤလွတ်လပ်ခွင့်များကို အပြည့်အဝခံစားနိုင်ရေးအတွက် နိုင်ငံတော်ကလိုအပ်သောအကူအညီများပေးရမည်။

၃၅၉။ (က) နိုင်ငံသားတိုင်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုအတွက်အာမခံချက် ရှိစေရမည်၊

(ခ) သက်ဆိုင်ရာတရားစီရင်ရေးအဖွဲ့၏ခွင့်ပြုချက်မရှိဘဲ နိုင်ငံသားတစ်ဦးကို နှစ်ဆယ့်လေးနာရီထက် ကျော်လွန်၍ ချုပ်နှောင်ထားခြင်းမပြုရ၊

(ဂ) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၏ ပြင်ပတွင် ရောက်ရှိနေကြသောနိုင်ငံသားများကို ဥပဒေနှင့်အညီကာကွယ်စောင့်ရှောက်ရန် နိုင်ငံတော်၌ တာဝန်ရှိသည်။

၁၆၀။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကိုမဆန့်ကျင်လျှင် နိုင်ငံသားများ၏ နေအိမ် ဥပစာလုံခြုံမှု ၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုတို့အတွက် ဥပဒေအရ အကာအကွယ်ပေးရမည်။

၁၆၁။ နိုင်ငံသားတိုင်း၏ ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းအားအလိုက် တရားသဖြင့်ရရှိသော ဝင်ငွေများ၊ စုဆောင်းငွေများ၊ ပစ္စည်းများ၊ နေအိမ်အဆောက်အဦး၊ ဆိုရှယ်လစ်စီးပွားရေးဘောင်အတွင်း ခွင့်ပြုထားသောကုန်ထုတ်ကိရိယာများနှင့် ဥပဒေအရခွင့်ပြုထားသော အခြားပိုင်ဆိုင်မှုများကို ဥပဒေအရ အကာအကွယ်ပေးရမည်။

၁၆၂။ နိုင်ငံသားတိုင်း၏ အမွေခွဲဝေဆက်ခံမှုကို ဥပဒေအရ ခွင့်ပြုသည်။

၁၆၃။ (က) နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိစေသည်။

(ခ) နိုင်ငံသားတစ်ဦးဦး၏ အခွင့်အရေးတရပ်ရပ် ထိခိုက်ဆုံးရှုံးမှုမရှိစေရန် အမြန်ဆုံးနှင့်အထိရောက်ဆုံးကာကွယ်စောင့်ရှောက်ပေးနိုင်သည့် ဥပဒေများကိုပြဋ္ဌာန်းရမည်။

၁၆၄။ (က) နိုင်ငံသားတိုင်းသည် မိမိတို့၏နစ်နာချက်များကို သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်း သို့ တိုင်တန်းခွင့်ရှိသည်၊

(ခ) နိုင်ငံသားများ၏တိုင်တန်းချက်များကို သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက အမြန်ဆုံး စုံစမ်းစစ်ဆေး၍ လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးရမည်။

၁၆၅။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်တွင်ပါဝင်သော အဖွဲ့ဝင်တဦးဦး၊ သို့မဟုတ် နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းတစ်ရပ်ရပ်၊ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦး၊ သို့မဟုတ် ဝန်ထမ်း အဖွဲ့အစည်းတရပ်ရပ်က ပြည်သူတို့အပ်နှင်းထားသောအခွင့်အာဏာကို အလွဲသုံးစားပြုသဖြင့် နိုင်ငံသားတဦးဦး၏ အခွင့်အရေးတစ်ရပ်ရပ်၊ သို့မဟုတ် အကျိုးခံစားခွင့်တစ်ရပ်ရပ် ထိခိုက်နစ်နာခဲ့လျှင် ယင်းပုဂ္ဂိုလ် သို့မဟုတ် ယင်းအဖွဲ့အစည်းကို တရားစွဲဆိုပိုင်ခွင့် ရှိသည်။ ထိခိုက်နစ်နာမှု အတွက် လျော်ကြေးတောင်းခံခွင့်ရှိသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ဥပဒေပြဌာန်းထား ရမည်။

၁၆၆။ နိုင်ငံသားတိုင်းသည် မိမိ၏လွတ်လပ်ခွင့်နှင့်ရပိုင်ခွင့်များကို ခံစားရာ၌ အောက်ပါတရပ်ရပ်ကို ထိပါးခြင်းမပြုမိစေရန် ရှောင်ကြဉ်စောင့်ထိမ်းရမည့် တာဝန်ရှိသည်

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေး ၊

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေကပြဌာန်းထားတော ဆိုရှယ်လစ်စနစ်၏ အခြေခံအနှစ်သာရများ၊

(ဂ) တိုင်းရင်းသားလူမျိုးအချင်းချင်းသွေးစည်းညီညွတ်ရေး၊

(ဃ) အများပြည်သူတို့၏အေးချမ်းသာယာရေး၊

(င) အများပြည်သူတို့၏ ကိုယ်ကျင့်တရား။

၁၆၇။ (က) နိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် နိုင်ငံတော်၏လုံခြုံရေး၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေက ပြဌာန်းထားသော ဆိုရှယ်လစ်စနစ်၏ အခြေခံအနှစ်သာရများ၊ တိုင်းရင်းသားလူမျိုး အချင်းချင်း သွေးစည်းညီညွတ်ရေး၊ အများပြည်သူတို့၏ အေးချမ်းသာယာရေး၊ သို့မဟုတ် အများပြည်သူတို့၏ကိုယ်ကျင့်တရား တစ်ရပ်ရပ်ကို ထိပါးမည့် အနတရာယ်မှ ကြိုတင်ကာကွယ် နိုင်ရန်အတွက် နိုင်ငံသားများ၏ လွတ်လပ်ခွင့်နှင့် ရပိုင်ခွင့်များကို လိုအပ်သလို ကန့်သတ်သည့်ဥပဒေ ပြဌာန်းနိုင်သည်။

(ခ) ယင်းသို့ကန့်သတ်သည့်ဥပဒေတွင်အဖွဲ့ဖြင့်သာ ကန့်သတ်မိန့်ကိုချမှတ်ရမည်ဟူ၍လည်းကောင်း၊ အမိန့်ကိုပုံမှန်ပြန်လည်သုံးသပ်၍ လိုအပ်သလိုပြင်ဆင်ရမည်ဟုလည်းကောင်း၊ နစ်နာသူက အထက် အဖွဲ့အစည်းသို့ အယူခံဝင်နိုင်ရန်ကိုလည်းကာင်း ထည့်သွင်း ပြဌာန်းရမည်။

၁၆၈။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန် နိုင်ငံသားတိုင်း၌ တာဝန် ရှိသည်။ ထို့ပြင် ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရေးအတွက် ချမှတ်ထားသောဥပဒေများ၊ အလုပ်ခွင် စည်းကမ်းများ၊ ဒေသဆိုင်ရာစည်းကမ်းများကို လိုက်နာရန်နှင့် နိုင်ငံတော်က ပေးအပ်သောတာဝန် များကို ကျေပွန်စွာထမ်းဆောင်ရန်လည်းတာဝန်ရှိသည်။

၁၆၉။ ပြည်သူပိုင်ပစစည်းများ၊ သမဝါယမပိုင်ပစစည်းများနှင့် အများပိုင်ပစစည်းများကို ကာကွယ်စောင့် ရှောက်ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်။ ဆိုရှယ်လစ်အရင်းအနှီးများ တိုးတက်များပြားလာ

စေရေး အတွက်လည်းကောင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တိုးတက်ခိုင်မာလာစေရေး အတွက်လည်းကောင်း လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးအတွက်လည်းကောင်း၊ မိမိစွမ်းအားအလိုက်လုပ်ဆောင်ရန်တာဝန်ရှိသည်။

၁၇၀။ ပြည်ထောင်စုဆိုရှယ်လစ်သမမတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်း၌ တာဝန်ရှိသည်။ ယင်းသို့ ကာကွယ်စောင့်ရှောက်ခြင်းသည် မွန်မြတ်သောတာဝန်ဖြစ်သည်။

၁၇၀။ နိုင်ငံသားတိုင်းသည်ဥပဒေအရ

(က) စစ်ပညာသင်ကြားရမည်၊

(ခ) နိုင်ငံတော်ကာကွယ်ရေးအတွက်စစ်မှုထမ်းရမည်။

၁၇၂။ နိုင်ငံသားတိုင်း၌ ဥပဒေအရ အခွန်အကောက်ပေးဆောင်ရန်တာဝန်ရှိသည်။

## အခန်း (၁၂)

## ရွေးချယ်တင်မြှောက်ပုံစနစ်

၁၇၃။ ရွေးချယ်တင်မြှောက်ပုံစနစ်၏ အခြေခံရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်

(က) လုပ်သားပြည်သူတို့ကို စစ်မှန်စွာ ကိုယ်စားပြုမည့် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်း၊

(ခ) ရွေးချယ်တင်မြှောက်ရာတွင် နိုင်ငံသားများကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်သားပြည်သူတို့ကို စစ်မှန် စွာကိုယ်စားပြုမည့် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရှိ အဖွဲ့အစည်းများကို ရွေးချယ်တင်မြှောက်ခြင်း။

၁၇၄။ (က) နိုင်ငံသားများသည် ပြည်သူ့ကိုယ်စားလှယ်များကို လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည်။

(ခ) အသက်တစ်ဆယ့်ရှစ်နှစ် ပြည့်သောနိုင်ငံသားတိုင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ဂ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း၌ ဆန္ဒမဲပေးခွင့်တူညီစွာရှိသည်။

၁၇၅။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များရွေးချယ်တင်မြှောက်ရန် မဲဆန္ဒနယ်များကိုအောက်ပါအတိုင်းသတ်မှတ်ရမည် -

(က) ရပ်ကွက်ပြည်သူ့ကောင်စီ မဲဆန္ဒနယ်၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ မဲဆန္ဒနယ်၊

(ခ) မြို့နယ်ပြည်သူ့ကောင်စီ၊

(ဂ) ပြည်နယ် ပြည်သူ့ကောင်စီမဲဆန္ဒနယ်၊ တိုင်းပြည်သူ့ကောင်စီ မဲဆန္ဒနယ်၊

(ဃ) ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်။

၁၇၆။ (က) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များသတ်မှတ်ရာတွင် မြို့နယ်များကို အခြေခံရမည်၊

(ခ) ပြည်သူ့လွှတ်တော်သို့ မြို့နယ်တစ်ခုစီမှ ကိုယ်စားလှယ် တစ်ဦးကျစီ ရွေးချယ်တင်မြှောက်ရမည်၊

(ဂ) လူဦးရေများပြားသော မြို့နယ်များသည် ပုဒ်မခွဲ (ခ) အရ ရရှိသည့် အခွင့်အရေးအပြင် ရွေးချယ် တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ လူဦးရေအချိုးအစားအလိုက် ပိုမိုရရှိသော ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရမည်၊

(ဃ) မြို့နယ် ဆယ်မြို့နယ်ထက်နည်း၍ လူဦးရေ ဆယ်သိန်းထက်လည်းနည်းသော ပြည်နယ်၊ သို့မဟုတ် တိုင်းများအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ထပ်မံရရှိစေရန် ဥပဒေဖြင့် သတ်မှတ်ပေးရမည်။

၁၇၇။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများထဲမှ အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများသည် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရွေးချယ် တင်မြှောက်ခံပိုင်ခွင့်ရှိသည်

(က) နိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားဖြစ်သူ၊

(ခ) ရပ်ကွက် ပြည်သူ့ကောင်စီ၊ ကျေးရွာအုပ်စု ပြည်သူ့ကောင်စီ နှင့် မြို့နယ်ပြည်သူ့ကောင်စီများသို့ ရွေး ချယ်တင်မြှောက်ခံရန် အသက် နှစ်ဆယ်ပြည့်သူ၊

(ဂ) ပြည်နယ်ပြည်သူ့ကောင်စီနှင့် တိုင်းပြည်သူ့ကောင်စီများသို့ ရွေးချယ်တင်မြှောက်ခံရန် အသက် နှစ်ဆယ့်လေးနှစ်ပြည့်သူ၊

(ဃ) ပြည်သူ့လွှတ်တော်သို့ ရွေးချယ်တင်မြှောက်ခံရန် အသက် နှစ်ဆယ့်ရှစ်နှစ်ပြည့်သူ။

၁၇၈။ အောက်ပါပုဂ္ဂိုလ်များသည် ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်မရှိစေရ

(က) သာသနာ့ဝန်ထမ်းများ၊

(ခ) ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူများ။

၁၇၉။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် ပါတီ၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော လူထုလူတန်းစားအဖွဲ့အစည်းများ၊ သက်ဆိုင်ရာမဲဆန္ဒနယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ညှိနှိုင်းပြီးလျှင် ယင်းတို့၏ ဆန္ဒကို အလေးကရုပြုလျက် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်အတွက် ပြည်သူ့ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများကို တင်သွင်းရမည်။

၁၈၀။ ပြည်သူ့ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးချယ်တင်မြှောက်ပွဲတစ်ခုတွင်

(က) ပြည်သူ့လွှတ်တော်၊ သို့မဟုတ် ပြည်သူ့ကောင်စီအဆင့်တစ်ခု အတွက်သာလျှင် ရွေးချယ်တင်မြှောက်ခံ ပိုင်ခွင့်ရှိသည်၊

(ခ) မဲဆန္ဒနယ်တစ်ခုတွင်သာလျှင် ရွေးချယ်တင်မြှောက်ခံရန် ယှဉ်ပြိုင်ခွင့်ရှိသည်။

၁၈၁။ (က) ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ်များ ရွေး ချယ်တင်မြှောက်ရာတွင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက် ကျော်က လာရောက်ဆန္ဒမဲပေးမှသာလျှင် အထမြောက်သော ရွေးချယ်တင်မြှောက်ပွဲများ ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ အထမြောက်သော ရွေးချယ်တင်မြှောက်ပွဲများတွင် ပြည်သူ့ ကိုယ်စားလှယ်လောင်းတစ်ဦးသည် လာရောက်ဆန္ဒမဲပေးသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲ ရရှိမှသာလျှင် ရွေးချယ်တင်မြှောက်ခြင်းခံရသည်ဟု အသိမှတ်ပြုရမည်။

၁၈၂။ (က) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ သက်တမ်းမကုန်ဆုံးမီ ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် အသစ်ရွေးချယ်တင်မြှောက်နိုင်ရန် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် တစ်ရပ်ကို ပြည်သူ့လွှတ်တော်က အနည်းဆုံးခြောက်လကြိုတင်၍ ဖွဲ့စည်းရမည်။ [၁]

(ခ) ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင် ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်ကောင်စီဝင်များနှင့် ဝန်ကြီးအဖွဲ့ဝင်များမှအပ ဥပဒေအရသတ်မှတ်သော နိုင်ငံသားများ ပါဝင်သည့် အမည်စာရင်းတစ်ခုကို နိုင်ငံတော်ကောင်စီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းရမည်။

(ဂ) ပုဒ်မ ၄၃ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်၏ ပုံမှန်သက်တမ်းကို လျှော့ပေါ့သတ်မှတ်ရန် ဆုံးဖြတ်လျှင် ယင်းသို့ လျှော့ပေါ့သတ်မှတ်ရန် ဆုံးဖြတ်သောပြည်သူ့လွှတ်တော် အစည်းအဝေးက ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်တစ်ရပ်ကို

---

၁ ( ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ) ဖြင့်ပြင်ဆင်သည်။

ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် အသစ်ရွေးချယ်တင်မြှောက်နိုင်ရေး အတွက် ပုဒ်မခွဲ(ခ)နှင့်အညီ တစ်ပါတည်း ဖွဲ့စည်းပေးရမည်၊[၁]

(ဃ) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်တို့၏ သက်တမ်းကုန်ဆုံးသည့် နေ့ရက်မတိုင်မီ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီများအတွက် ရွေးချယ်တင်မြှောက်ပွဲများကို ဥပဒေအရ သတ်မှတ်သည့်အတိုင်း ကျင်းပရမည်၊

(င) ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်၏ သက်တမ်းကုန်ဆုံးသည့်နေ့ရက်တွင် ပြည်သူ့လွှတ်တော် နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၏ အစည်းအဝေးများကို အသစ်ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ကျင်းပရမည်။

၁၈၃။ (က) ပုဒ်မ ၆၃ အရ ပြည်သူ့ကောင်စီတစ်ရပ်ရပ်ကို သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခဲ့လျှင်ဥပဒေအရ သတ်မှတ်သည့်အတိုင်း ရွေးချယ်တင်မြှောက်ပွဲများကျင်းပ၍ သက်ဆိုင်ရာပြည်သူ့ကောင်စီ၏ အစည်းအဝေးကို ကျင်းပရမည်။[၂]

(ခ) ပြည်နယ် ပြည်သူ့ကောင်စီကို လည်းကောင်း၊ တိုင်းပြည်သူ့ကောင်စီ တစ်ရပ် ကိုသော် လည်းကောင်း၊ မြို့နယ် ပြည်သူ့ ကောင်စီ တစ်ရပ်ကို သော်လည်းကောင်း ဖျက်သိမ်းခဲ့လျှင် သက်ဆိုင်ရာပြည်သူ့ကောင်စီတစ်ရပ် အသစ် ရွေးချယ်တင်မြှောက် ပြီးစီးခြင်း မရှိသေးမီ ကာလအတွင်း နိုင်ငံတော်ကောင်စီသည် သင့်လျော်သော နိုင်ငံသားများဖြင့် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့စီကို ဖွဲ့စည်း၍ ယာယီတာဝန်ပေးရမည်၊

(ဂ) ရပ်ကွက်ပြည်သူ့ကောင်စီတစ်ရပ်ကိုသော်လည်းကောင်း၊ ကျေးရွာအုပ်စု ပြည်သူ့ကောင် စီတစ်ရပ်ကိုသော်လည်းကောင်း ဖျက်သိမ်းခဲ့လျှင် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ တစ်ရပ် အသစ် ရွေးချယ်တင်မြှောက်ပြီးစီးခြင်း မရှိသေးမီ ကာလ အတွင်း နိုင်ငံတော်ကောင်စီသည် သင့်လျော်သော နိုင်ငံသားများဖြင့် အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့ တစ်ဖွဲ့စီကို ဖွဲ့စည်း၍ ယာယီတာဝန်ပေးရမည်။

၁၈၄။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်သို့ ပြည်သူ့ကိုယ်စားလှယ် ရွေးချယ်တင်မြှောက်ပွဲများ၏ ကုန်ကျစရိတ်ကို နိုင်ငံတော် ဘဏ္ဍာမှ ကျခံစေရမည်။

၁၈၅။ (က) ပြည်နယ်ပြည်သူ့ကောင်စီ၊ တိုင်းပြည်သူ့ကောင်စီ၊ မြို့နယ်ပြည်သူ့ကောင်စီတစ်ရပ်ရပ်ကို ရွေးချယ်တင်မြှောက်ရန် အခြေအနေမရှိသေးလျှင် သက်ဆိုင်ရာပြည်သူ့ကောင်စီ ၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကောင်စီသည် သင့်လျော်သော နိုင်ငံသားများဖြင့် အလုပ်အမှုဆောင်အဖွဲ့၊ တရားသူကြီးအဖွဲ့နှင့် လုပ်ငန်းစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့စီ ကို ဖွဲ့စည်း၍ ယာယီတာဝန်ပေးရမည်၊

(ခ) ရပ်ကွက် ပြည်သူ့ကောင်စီ၊ သို့မဟုတ် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီတစ်ရပ်ရပ်ကို

---

၁ ( ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ) ဖြင့်ပြင်ဆင်သည်။

၂ ( ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ ) ဖြင့်ပြင်ဆင်သည်။

ရွေး ချယ်တင်မြှောက်ရန် အခြေအနေမရှိသေးလျှင် သက်ဆိုင်ရာပြည်သူ့ကောင်စီ၏ လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကောင်စီသည် သင့်လျော်သော နိုင်ငံသား များဖြင့် အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့တစ်ဖွဲ့စီကို ဖွဲ့စည်း၍ ယာယီ တာဝန်ပေးရမည်။

၁၈၆။ ပြည်သူ့လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းနှင့် စပ်လျဉ်း သည့် လိုအပ်သော ဥပဒေများကိုပြဋ္ဌာန်းရမည်။

# အခန်း (၁၃)

## တာဝန်မှပြန်လည်ရုပ်သိမ်းခြင်း၊နုတ်ထွက်ခြင်း၊အစားထိုးရွေးချယ်တင်မြှောက်ခြင်း

၁၈၇။ ရွေးချယ်တင်မြှောက်ပြီး တာဝန်ပေးအပ်ထားသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုကိုဖြစ်စေ၊ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူများ၊ သို့မဟုတ် အဖွဲ့အစည်း ကအောက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့် တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် သတ်မှတ်ထားသော ဥပဒေနှင့်အညီ တာဝန်မှပြန်လည် ရုပ်သိမ်းခွင့်ရှိသည်

(က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ပေးအပ်သောတာဝန်ဝတတရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊

(ဂ) အကျင့်စာရိတ္တပျက်ပြားခြင်း။


၁၈၈။ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးသည်လည်းကောင်း၊ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့ ကောင်စီ အဖွဲ့အစည်း တစ်ရပ်ရပ်တွင် တာဝန်ပေးအပ်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်တစ်ဦးသည်လည်းကောင်း မိမိ၏တာဝန်မှ နုတ်ထွက်လိုလျှင် မိမိနှင့်သက်ဆိုင်သော အဖွဲ့အစည်းသို့ ဥပဒေနှင့်အညီ နုတ်ထွက်လွှာ တင်သွင်းနိုင်သည်။

၁၈၉။ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ ပြည်သူ့ကောင်စီအဆင့် တစ်ခုခုတွင်ဖြစ်စေ၊ ယင်းတို့၏ သက်ဆိုင်ရာ အဖွဲ့အစည်းများတွင်ဖြစ်စေ တစ်စုံတစ်ရာသော အကြောင်းကြောင့် ပြည်သူ့ကိုယ်စားလှယ်နေရာလစ်လပ်ခဲ့လျှင် ဥပဒေနှင့် အညီ အစားထိုးရွေးချယ် တင်မြှောက်ရမည်။


## အခန်း (၁၄)

## နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်

၁၀၉။ နိုင်ငံတော်၏ အလံသည် အောက်တွင်ဖေါ် ပြထားသည့်အတိုင်း ဖြစ်သည် -



၁၉၁။ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်သည် အောက်တွင်ဖေါ်ပြထားသည့်အတိုင်းဖြစ်သည်




၁၉၂။ ပြည်သူ့လွှတ်တော်သည် နိုင်ငံတော်သီချင်းကို သတ်မှတ်ပြဌာန်းပေးရမည်။ ပြည်သူ့လွှတ်တော်က နိုင်ငံတော် သီချင်းအသစ်ကို သတ်မှတ်ပြဌာန်းခြင်းမပြုမီ လက်ရှိနိုင်ငံတော်သီချင်းအား ဆက်လက်အသုံးပြုရမည်။

၁၉၃။ နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့တော်ဖြစ်သည်။

## အခန်း (၁၅)

## ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း

၁၉၄။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ အခန်း (၁) ပုဒ်မ ၁ နှင့် ၄။ အခန်း (၂) ပုဒ်မ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၁ ၊ ၁၂ ၊၁၄ ၊၁၈ နှင့် ၂၁။ အခန်း (၃) ပုဒ်မ ၂၈၊ ၂၉ နှင့် ၃၂။ အခန်း (၄) ပုဒ်မ ၄၁၊ ၄၄ နှင့် ၄၆။ အခန်း (၁၅) ပုဒ်မ ၁၉၄ တို့ကို ပြင်ဆင်ရန်ရှိလျှင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့် ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊

(ခ) ပုဒ်မခွဲ (က) တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊

(ဂ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့တင်ပြနိုင်သည်၊

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်အဆိုကို ပြည်သူ့ကောင်စီများကတင်ပြသည့်အခါ အောက်မှ အထက်သို့ အဆင့်ဆင့်တင်ပြ၍ နောက်ဆုံး၌ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။

## အခန်း (၁၆)

## အထွေထွေပြဋ္ဌာန်းချက်များ

၁၉၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်။

၁၉၆။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာတည်သည့်နေ့မှစ၍ ပြည်သူ့လွှတ်တော်၏ ပထမအကြိမ် အစည်းအဝေး မကျင်းပမီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့လွှတ်တော်က လုပ်ဆောင်ရန် ရှိသည်များကို ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီက နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ လုပ်ဆောင်ရမည်။ ထို့အပြင် ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရန်အတွက် တော်လှန်ရေးကောင်စီက ကြိုတင် ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၁၉၇။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံး တစ်လုံးချင်းများ၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသား ထားချက်များ အပေါ်တွင်သာ အခြေပြုရမည်။

၁၉၈။ နိုင်ငံတော်၏အဖွဲ့အစည်းများအတွင်း အထက်အောက် အပြန်အလှန် ဆက်သွယ်ရာ၌လည်းကောင်း၊ အဖွဲ့အစည်း အချင်းချင်း အပြန်အလှန် ဆက်သွယ်ရာ၌ လည်းကောင်း တညီတညွတ်တည်းဖြစ်စေရန်နှင့် အယူအဆမကွဲစေဘဲ ရှင်းလင်းလွယ်ကူစေရန် ရုံးသုံးစာအဖြစ် မြန်မာစာကို အသုံးပြုရမည်။ လိုအပ်လျှင် သက်ဆိုင်ရာတိုင်းရင်းသားစာကိုလည်း အသုံးပြု နိုင်သည်။

၁၉၉။ ပြည်ထောင်စု ဆိုရှယ်လစ်သမမတမြန်မာနိုင်ငံတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေငြာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။

၂၀၀။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီက ပြဋ္ဌာန်းထားခဲ့သော စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်။

(ခ) ပုဒ်မခွဲ ( က) ပါ ဥပဒေက ပြဋ္ဌာန်းထားသော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပြင်ဆင်ရန်သော်လည်းကောင်း၊ စကားရပ်များကို ထပ်မံ၍အနက်အဓိပ္ပာယ် ဖွင့်ဆိုရန်သော်လည်းကောင်းလိုအပ်ပါက ပြည်သူ့လွှတ်တော်ကသာ ပြုလုပ်နိုင်သည်။

(ဂ) နိုင်ငံတော်ကောင်စီက၊ ဗဟိုအာဏာပိုင် အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ၏လုပ်ဆောင်ချက်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီခြင်း ရှိ၊ မရှိ ဆုံးဖြတ်ရန်လိုအပ်လာပါက ပြည်သူ့လွှတ်တော်ကသာ ဆုံးဖြတ်ရမည်။

၂၀၁။ ပြည်သူ့လွှတ်တော်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို လိုအပ်သလို အခါအားလျော်စွာ ထုတ်ပြန်နိုင်သည်။

၂၀၂။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။

(ခ) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများသည်ပြည်သူ့လွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

(ဂ) ရှိရင်းစွဲ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက် များနှင့် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်ကောင်စီက ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မဆန့်ကျင်သမျှအတည်ဖြစ်သည်။

(ဃ) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိလာစေရန် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ပြည်သူ့လွှတ်တော်က ပယ်ဖျက်ရမည်။

(င) ရှိရင်းစွဲ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများက ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် လိုက်လျောညီထွေရှိလာစေရန် ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ကို နိုင်ငံတော်ကောင်စီက ပြုလုပ်ရမည်၊

(စ) ရှိရင်းစွဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုနိုင်မီကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ သဘောနှင့်ညီညွတ်စေရန် ဗဟိုနှင့်ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများက အနက်အဓိပ္ပာယ်ဖွင့်ဆို၍ လုပ်ဆောင်ရမည်။

(ဆ) ဝန်ထမ်းအဖွဲ့အစည်းများသည် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၏ သဘောနှင့် ညီညွတ်စေရမည်၊

(ဇ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာစတင်တည်သည့်နေ့တွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ လက်အောက်၌ ဖွဲ့စည်းထားရှိသော အဖွဲ့အစည်းများ၊ အမှုထမ်းရွက်ဆဲဖြစ်ကြသော ဝန်ထမ်းများနှင့် အလုပ်သမားအားလုံးသည် နိုင်ငံတော်ကောင်စီက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက် တည်ရှိစေရမည်။

၂၀၃။ (က) နိုင်ငံတော်ကောင်စီနှင့် ဗဟိုအာဏာပိုင်အဖွဲ့အစည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကိုသော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များကိုလည်းကောင်း မဆန့်ကျင်စေပဲ စည်းမျဉ်းများ၊ စည်းကမ်းများ၊အမိန့်များ၊ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ထုတ်ပြန်နိုင်သည်၊

(ခ) ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကပြဌာန်းသောဥပဒေများ၊ နည်းဥပဒေများ၊ ဆုံးဖြတ်ချက်များကိုလည်းကောင်း၊သက်ဆိုင်ရာဗဟိုအာဏာပိုင် အဖွဲ့အစည်းများက ထုတ်ပြန်သောစည်းမျဉ်းများ၊ စည်းကမ်းများ၊အမိန့်များ၊ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း မဆန့်ကျင်စေပဲ သက်ဆိုင်ရာဒေသအတွက် အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုအပ်လိုထုတ်ပြန်နိုင်သည်။

၂၀၄။ (က) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊နိုင်ငံတော်ကောင်စီ၊ပြည်သူ့ တရားသူကြီးအဖွဲ့၊ ပြည်သူ့ အကျိုးဆောင်အဖွဲ့နှင့် ပြည်သူ့လုပ်ငန်း စစ်ဆေးရေးအဖွဲ့တို့ သည် ပုဒ်မ ၈၉ တွင်ဖော်ပြထားသော ကိစ္စများမှအပ အခြားကိစ္စများနှင့် ပတ်သတ်၍ ပြည်သူ့လွှတ် တော်သို့ ဥပဒေကြမ်းတင်သွင်းခွင့်ရှိသည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ပုဒ်မ ၈၉ တွင်ဖော်ပြထားသောကိစ္စများအပြင် အခြားကိစ္စများနှင့်ပတ်သတ်၍လည်း ပြည်သူ့လွှတ်တော်သို့ ဥပဒေကြမ်းတင်သွင်းခွင့်ရှိသည်၊

(ဂ) ပြည်သူ့ကောင်စီအဆင့်ဆင့်သည် ပုဒ်မ ၈၉ တွင်ဖော်ပြသော ကိစ္စများမှအပ အခြားကိစ္စများနှင့်ပတ်သတ်သည့် ဥပဒေကြမ်းများကို အောက်မှအထက်သို့ အဆင့်ဆင့်တင်ပြ၍နောက်ဆုံး၌ ပြည်သူ့လွှတ်တော်သို့တင်ပြနိုင်သည်။

၂၀၅။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့်ယင်းက ဦးဆောင်ဖွဲ့စည်းထားသော လူထုလူတန်းစားအဖွဲ့အစည်းများနှင့် လုပ်သားပြည်သူများသည် ဥပဒေရေးရာကိစ္စ၊ စီးပွားရေးစီမံကိန်းဆိုင်ရာကိစ္စ၊ နှစ်စဉ်ရသုံးခန့်မှန်းချေငွေစာရင်းကိစ္စ၊ အခြားကိစ္စများ နှင့်ပတ်သက်၍ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်သို့ အကြံပြုနိုင်သည်။

၂၀၆။ (က) နိုင်ငံတော်ကောင်စီဝင်များနှင့် ဝန်ကြီးအဖွဲ့ဝင်များသည် ပုဒ်မ ၅၄ ပုဒ်မ ခွဲ(ခ)နှင့် ပုဒ်မ ၆၄ ပုဒ်မခွဲ(ဂ)တို့တွင်ပြဌာန်းထားသည့် ခွင့်ပြုချက်များမှအပ မိမိတို့ပါဝင်သော အာဏာပိုင် အဖွဲ့အစည်းများမှတပါး နိုင်ငံတော်၏ အခြားအာဏာပိုင်အဖွဲ့အစည်းများတွင် ပါဝင်ခွင့်မရှိစေရ၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်များနှင့်ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့ပါဝင်သော အာဏာပိုင်အဖွဲ့အစည်းများမှတပါး နိုင်ငံတော်၏ အခြားအာဏာပိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့လွှတ်တော်၏ အခြားအဖွဲ့အစည်းများတွင်ပါဝင်ခွင့်မရှိစေရ၊

(ဂ) ပြည်နယ်ပြည်သူ့ကောင်စီ၊တိုင်းပြည်သူ့ကောင်စီနှင့်မြို့နယ်ပြည်သူ့ကောင်စီအဆင့်ဆင့်တွင် ရှိကြသောအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့်လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များသည် မိမိတို့ပါဝင်သောဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှတပါး ဒေသဆိုင်ရာအခြားအာဏာပိုင်အဖွဲ့ အစည်းများနှင့်ရေးရာကော်မတီများတွင် ပါဝင်ခွင့်မရှိစေရ၊

(ဃ) ပြည်သူ့ကောင်စီအဆင့်ဆင့်၏ တရားသူကြီးအဖွဲ့ဝင်များသည် ဒေသဆိုင်ရာ

အခြားအာဏာပိုင်အဖွဲ့အစည်း များတွင် ပါဝင်ခွင့်မရှိစေရ။ သို့ရာတွင်ပြည်သူ့ကောင်စီများ၏ ရေးရာကော်မတီများတွင်မူ ပါဝင်ခွင့်ရှိသည်။

၂၀၇။ ပြည်သူ့လွှတ်တော်နှင့်ပြည်သူ့ကောင်စီအဆင့်ဆင့်တို့၏ အစည်းအဝေးများသည် ပြည်သူ့ကိုယ်စားလှယ်အားလုံး၏ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တတ်ရောက်မှသာလျှင် အထမြောက်သည်။

၂၀၈။ ဗဟိုအာဏာပိုင် အဖွဲ့အစည်းတရပ်ရပ်ကို နိုင်ငံတော်ကောင်စီက ဖြစ်စေ၊ ပြည်သူ့လွှတ်တော် ရေးရာ ကော်မတီ တစ်ခုခုကဖြစ်စေ မေးမြန်းလို၍ဖိတ်ခေါ်လျှင် သက်ဆိုင်ရာဗဟို အာဏာပိုင် အဖွဲ့အစည်းသည်တတ်ရောက်ရှင်းလင်းတင်ပြရမည်။

၂၀၉။ (က) ပုဒ်မ ၆၃ အရ ပြည်သူ့ကောင်စီတစ်ရပ်ရပ်ကို သက်တမ်းမကုန်ဆုံးမီ ဖျက်သိမ်းခဲ့လျှင် အသစ်ရွေးချယ် တင်မြှောက်လိုက်သော ပြည်သူ့ကောင်စီ၏ သက်တမ်းကာလသည် ဖျက်သိမ်းခဲ့သည့် ပြည်သူ့ကောင်စီ၏ ကျန်သက်တမ်းကာလအတွက်သာလျှင် ဖြစ်စေရမည်။[၁]

(ခ) ပြည်သူ့ကောင်စီတရပ်ရပ်၊သို့မဟုတ် ပြည်သူ့ကောင်စီများကို ပြည်သူ့လွှတ်တော် ဖွဲ့စည်းပြီးနောက် ရွေးချယ်တင်မြှောက်ဖွဲ့စည်းခဲ့သော် ယင်းတို့၏သက်တမ်းသည်လည်း ပြည်သူ့လွှတ်တော်၏ပုံမှန်အတိုင်းသာလျှင် ဖြစ်စေရမည်။

---

၁ ( ၁၉၈၁ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁ )ဖြင့် ပြင်ဆင်သည်။